# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၂၅)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )

[တနင်္လာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၈.၃၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ပြည်ပခရီးစဉ်။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ အခြေခံဥပဒေအစည်းအဝေး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ မိသားစုလုပ်ငန်း။ ဦးစောအုန်း၊ မွန်(၉)၊ မိသားစုကျန်းမာရေး။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ အခြေခံဥပဒေအစည်းအဝေး။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ မိသားစုကိစ္စ။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဆေးစစ်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ အခြေခံဥပဒေအစည်းအဝေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ပြည်ပခရီးစဉ်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ မိသားစုကျန်းမာရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ပြည်ပခရီးစဉ်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆားရယ်၊ ကယား(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊

ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်၊ အခြေခံဥပဒေအစည်းအဝေး။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ အခြေခံဥပဒေအစည်းအဝေး၊ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ၎င်းအတိုင်း။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ၎င်းအတိုင်း။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ၎င်းအတိုင်း။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကျန်းမာရေး။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ မိသားစုကိစ္စ။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ပြည်ပခရီးစဉ်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ အခြေခံဥပဒေအစည်းအဝေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးစံပြည့်၊ ကချင်(၇)၊ အခြေခံဥပဒေအစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅၅)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၆၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းအတွက် ပွင့်လင်းမြင်သာသော ဘတ်ဂျက်အဖြစ် သုံးသပ်အကဲဖြတ်ခံနိုင်စေရန်အတွက် ဆောင်ရွက်ရန် လိုအပ်ချက် In-year Report နှင့် Citizens Budget များကို ပြုစုထုတ်ပြန်ကာ ပေးပို့သင့်သော အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊ နိုင်ငံတစ်ဝန်း အများပြည်သူ သိရှိရေးဖြန့်ဝေခြင်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က နိုင်ငံတော်၏ ဂုဏ်သိက္ခာ အဆင့်အတန်းအတွက် ပွင့်လင်းမြင်သာသော ဘတ်ဂျက်အဖြစ် သုံးသပ်အကဲဖြတ်ခံနိုင်စေရန်အတွက် ဆောင်ရွက်ရန် လိုအပ်ချက် In-year Report နှင့် Citizens Budget များကို ပြုစုထုတ်ပြန်ကာ ပေးပို့သင့်သော အဖွဲ့အစည်းများသို့ပေးပို့ခြင်း၊ နိုင်ငံတစ်ဝန်း အများပြည်သူ သိရှိရေးဖြန့်ဝေခြင်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စု အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များကို ကျွန်တော် ဦးခင်မောင်ရီ က လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ မေးမြန်းခွင့်ရတဲ့ မေးခွန်းကတော့ ပွင့်လင်းမြင်သာသောဘတ်ဂျက်(Open Budget) အဖြစ် သုံးသပ်အကဲဖြတ်ခံနိုင်စေရန်အတွက် လိုအပ်ချက်များကို မည်သို့မည်ပုံ ဆောင်ရွက်သွားမည်ဆိုတဲ့ အစီအစဉ်နဲ့ ပတ်သက်တဲ့ သိလိုခြင်းမေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်တဲ့နေရာများကို အင်္ဂလိပ်စကား အသုံးအနှုန်း သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဥပဒေပြုမဏ္ဍိုင်နဲ့ အုပ်ချုပ်မှုမဏ္ဍိုင်ကြားမှာ အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance) တာဝန်အရ လိုအပ်မယ်လို့ ယုံကြည်တဲ့ အဆိုတွေ တင်တယ်။ လိုအပ်နေတဲ့ ကိစ္စလေးတွေနဲ့ ပတ်သက်လို့ မေးခွန်းလေးတွေ မေးတယ် စသည်ဖြင့် လုပ်ကြပါတယ်။ ဒါပေမဲ့ ပြည်ပရောက်သွားတဲ့အခါ သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများနဲ့ တွေ့တဲ့အခါမှာကျတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရ၏ Image ကို ကျွန်တော်တို့ဘက်က အမြဲတမ်းခုခံကာကွယ် ပြောဆိုနေ

လျက်ရှိပါတယ်။ တာဝန်ပေးထားလို့၊ တိုက်တွန်းထားလို့ မဟုတ်ဘဲနဲ့ ယုံကြည်ချက်၊ ခံယူချက်နဲ့ လုပ်နေကြတာ ဆိုတဲ့ဟာလေးကို ကျွန်တော် ရှေးဦးစွာ တင်ပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ မေးခွန်းကို သာမန်ကြည့်ရင်တော့ အစိုးရရဲ့ ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်ကို ဝေဖန်တယ်။ မိကျောင်းမင်း ရေခင်းပြတယ်လို့ ထင်ဟန်ရှိပေမယ့် ကျွန်တော်တို့ လက်တွေ့ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံတကာနဲ့ ဆက်ဆံရတဲ့ ဘဏ္ဍာငွေ ရ/သုံးဆိုင်ရာကိစ္စတွေမှာ ပွင့်လင်းမြင်သာမှု မရှိဘူး၊ Open Budget မဟုတ်ဘူး ဆိုတဲ့ Issue ကနေ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့လို့ဆိုတဲ့နေရာမှာ ကျွန်တော်နဲ့အတူ ဒီမှာ PAC ဥက္ကဋ္ဌကြီး ဦးသိန်းဝင်း တို့ဟာ အဓိက ဖြေရှင်းခဲ့ရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်မှာ Spectrum လို့ ခေါ်တဲ့ Sustainable Development Knowledge Network လို့ခေါ်တဲ့ INGO အဖွဲ့အစည်းက လာလုပ်တဲ့ Open Budget ဆိုင်ရာ ကျွန်တော်တို့ Workshop တစ်ခု တက်ခဲ့ပါတယ်။ PAC က ပုဂ္ဂိုလ်တွေ၊ တစ်ဘက်က လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ကျွန်တော်တို့လည်း တက်ပါတယ်။ အဲဒီမှာ Country Director လုပ်တဲ့လူက ကျွန်တော်တို့နိုင်ငံရဲ့ တစ်ကမ္ဘာလုံးနဲ့ ခြုံငုံပြီးတော့ Budget Processing နဲ့ Open Budget ဆိုင်ရာ ကိစ္စတွေကို အရင်ရှင်းပါတယ်။ ကျွန်တော့်ကိုလည်း ကြိုတင်မေတ္တာရပ်ခံချက်အရ ကျွန်တော်က PAC နဲ့ ညှိနှိုင်းပြီးတော့ လွှတ်တော်မှာ ဘတ်ဂျက်ခွင့်ပြုပုံကိစ္စတွေကို အဆင့်ဆင့် ကျွန်တော်တို့ဘက်က ပြန်လည်ဆွေးနွေးပေးပါတယ်။ အဲဒီမှာ သူတို့ဘက်က ဘာဆွေးနွေးလာသလဲဆိုတော့ မြန်မာနိုင်ငံရဲ့ဘတ်ဂျက်ဟာ ပွင့်လင်းမြင်သာမှု မရှိဘူးဆိုတဲ့ အချက်ကို ဆွေးနွေးလာပါတယ်။ ၂၀၁၂ ခုနှစ်မှာ နိုင်ငံ(၁၀၀)ကျော်ကို Survey လုပ်ခဲ့တဲ့အထဲမှာ မြန်မာနိုင်ငံဟာ အခြားနိုင်ငံ(၂၀)တွေထဲမှာတောင် (၂)ခုလို ဖြစ်နေပါတယ်။ နိုင်ငံ(၂၀)နဲ့အတူ ကျွန်တော်တို့က သုညနဲ့ (၂၀)ကြားဆိုတော့ အနိမ့်ဆုံး Category၊ အဆင့်(၅)ဆင့်ထဲမှာ ကျွန်တော်တို့ အဲဒီအထဲမှာ ရောက်နေတာကို သွားတွေ့ရပါတယ်။

အဲဒါ သူတို့က ဘာနဲ့တိုင်းတာလဲဆိုတော့ ပွင့်လင်းမြင်သာမှု ဘတ်ဂျက်ပြအညွှန်းကိန်း (Open Budget Index-OBI) နဲ့ တိုင်းတာဖြစ်တဲ့အတွက်ကြောင့် သူတို့က ဒီလိုတိတိကျကျ အမှတ်ပေးစနစ်နဲ့ တိုင်းပြီးပြောခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တော်တော်လေး ဒါနဲ့ပတ်သက်လို့ ဒီ ဇယားကြီး ထိုးပြတော့ ဝမ်းနည်းပါတယ်။ ဆရာဦးသိန်းဝင်း ရော၊ ကျွန်တော်ရော၊ ဒါ ကျွန်တော်တို့ဘက်ကတော့ တာဝန်လည်း ရှိတယ်။ နားလည်း နားလည်နေတဲ့အတွက်ကြောင့် ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး လိုအပ်တာ ကျွန်တော်တို့က လွှတ်တော်မှာ Open Budget ဖြစ်တယ်။ Full House တို့က ထိုင်တာ၊ ပြည်ထောင်စုလွှတ်တော်မှာ ထိုင်ပြီးတော့မှ စီမံကိန်းကော်မတီတို့၊ ငွေစာရင်းကော်မတီတို့၊ ဥပဒေကြမ်းကော်မတီတို့က အဆင့်ဆင့် တင်ပြလာပြီး လွှတ်တော်ထဲမှာ အကျေအလည် ဆွေးနွေးပြီးမှ လိုအပ်တာကို ခွင့်ပြုတဲ့အတွက် ကြောင့် တို့ဘတ်ဂျက်က Open ဖြစ်တယ်လို့ ကျွန်တော်တို့က ပြန်လည်ခုခံပါတယ်။

သို့သော် သူတို့က စောစောကပြောတဲ့ Index နဲ့ တိုင်းတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ဘက်ကတော့ ငြင်းရတာ ခက်ပါတယ်။ သူတို့တိုင်းတာပုံကို ပြန်ကြည့်တဲ့အခါမှာ ဘတ်ဂျက်နဲ့ပတ်သက်ရင် အဆင့်(၃)ဆင့် ရှိပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ အကြိုပြင်ဆင်ရေးကာလ ဖြစ်ပါတယ်။ အဲဒီမှာ သူတို့ဘက်က Document လို့ ခေါ်တဲ့ အထောက်အထား (၃)မျိုးတောင်းပါတယ်။ (၃)မျိုးက ပထမ(၁)ခုက Pre-Budget Statement လို့ သူတို့ဘက်က သုံးပါတယ်။ ဒါ ကျွန်တော်တို့က အလွယ်တကူ ပြန်ရှင်းနိုင်

ပါတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့က ဘတ်ဂျက်မတင်ခင် အမျိုးသားစီမံကိန်းဥပဒေ အရင်တင်ပါတယ်။ အမျိုးသားစီမံကိန်းဥပဒေမှာ ကဏ္ဍအလိုက်၊ ဝန်ကြီးဌာနအလိုက်၊ အဖွဲ့အစည်းအလိုက် လာမယ့်ဘဏ္ဍာနှစ်မှာ သုံးစွဲရမယ့်၊ လုပ်မယ့် ရင်းနှီးမြှုပ်နှံမှုတွေ အားလုံးကို ပြည့်ပြည့်စုံစုံ ကိန်းဂဏန်းနဲ့ တင်တာ ဖြစ်တဲ့အတွက်ကြောင့် တို့မှာ Pre-Budget Statement ရှိတယ်ဆိုတဲ့ ချေပချက်ဟာ အောင်မြင်ပါတယ်။

နောက်တစ်ခုကတော့ Executive's Budget Proposal လို့ ခေါ်တဲ့ဟာကို သူတို့က အဲဒီလို နာမည်တပ်ပါတယ်။ ဒါလည်း ကျွန်တော်တို့မှာ ရှိပါတယ်။ ဒါ ဘဏ္ဍာရေးဝန်ကြီးဌာနကနေ ပြည်ထောင်စု လွှတ်တော်ကို ပြည်ထောင်စု၏ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ ဥပဒေကြမ်းအဖြစ်နဲ့ တင်တယ်။ အဲဒီ အချက်မှာ စောစောက ခွင့်ပြုထားတဲ့ အမျိုးသားစီမံကိန်းနဲ့ လိုက်လျောညီထွေဖြစ်တဲ့ လုပ်ငန်းစီမံချက် တွေအားလုံးကို ရငွေ၊ သုံးငွေနဲ့တကွ အတိအကျ တင်ပြတာဖြစ်တဲ့အတွက်ကြောင့် ဒါလည်း တို့မှာ ရှိတယ် ဆိုတဲ့အတွက်ကြောင့် သူတို့ လက်ခံပါတယ်။

နောက်တစ်ခုကတော့ Enacted Budget။ Enacted Budget ကတော့ ကျွန်တော်တို့ ဆီမှာတော့ ဘယ်လိုခေါ်သလဲဆိုတော့ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းလို့ ကျွန်တော်တို့လွှတ်တော်မှာ တင်ပြီးတော့၊ လွှတ်တော်က အတည်ပြုရင် နိုင်ငံတော်သမ္မတက လက်မှတ် ရေးထိုး ထုတ်ပြန်တာဖြစ်တဲ့အတွက်ကြောင့် ဒါလည်း Enacted Budget ဖြစ်တယ်ဆိုတဲ့ဟာ ကျွန်တော် တို့က ဒါ ပြေလည်ပါတယ်။

နောက် ဘတ်ဂျက် အကောင်အထည်ပုံဖော်သုံးစွဲတဲ့ ဒုတိယအဆင့်မှာကျတော့ လိုတဲ့ Document က In-year Report လို့ ခေါ်ပါတယ်။ စောစောတုန်းက ကျွန်တော့်မေးခွန်းထဲမှာလည်း ပါပါတယ်။ In-year က သူတို့နိုင်ငံတွေမှာကျတော့ အီလက်ထရောနစ် သုံးတဲ့အတွက်ကြောင့် လုပ်နိုင် တယ်။ (၃)လ တစ်ကြိမ်၊ (၆)လ တစ်ကြိမ်၊ (၃)လဆိုတာ Quarterly ပေါ့၊ (၃)လ၊ (၃)လပတ်၊ (၃)လပတ် တို့ တင်သွားတာဖြစ်တယ်။ နောက် နှစ်ဝက်လည်း တင်တယ်။ နှစ်ချုပ်လည်း တင်တယ်။ အဲဒါ ကျွန်တော်တို့က ဘာပြန်ရှင်းလဲဆိုတော့ ကျွန်တော်တို့ဆီမှာတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ဒါကို မကြေညာဘူး။ တို့ ဖွဲ့စည်းပုံအရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရှိတယ်။ စာရင်းစစ်ချုပ်ရုံးကပဲ စစ်ဆေးပြီး ထုတ်ပြန်ပေးတယ်။ (၆)လပတ် နှစ်ဝက်ကို နိုင်ငံတော်အစိုးရကိုလည်း တင်တယ်။ အခု လွှတ်တော်ပေါ်လာပြီးနောက် တို့လွှတ်တော်ကို တင်တယ် ဆိုတဲ့အခါကျတော့ ဒါမဟုတ်ဘူး။ အဓိက သူတို့ကတော့ အခွန်ထမ်းပြည်သူသိဖို့ အဓိကဖြစ်တဲ့အတွက်ကြောင့် ပြည်သူကိုဘာချပြနိုင်သလဲဆိုတဲ့ အချက်ကို သူတို့ဒီလိုပဲ ဒါအမှတ်ပေးတာ ဖြစ်ပါတယ်။ ဒီတစ်ခုတော့ လုပ်ရင်ရမယ်။ လုပ်ဖို့တော့ လိုတယ် လို့ ကျွန်တော်တို့က သုံးသပ်မိပါတယ်။

နောက်ဆုံးကတော့ စာရင်းအင်းများ စစ်ဆေးတဲ့ကာလ Audit Report။ ဒါကတော့ ရှိပါ တယ်။ ကျွန်တော်တို့မှာလည်း စာရင်းစစ်ချုပ်ရုံး၊ အမြင့်ဆုံးအာဏာပိုင်ဖြစ်တဲ့ စာရင်းစစ်ချုပ်ရုံးက စစ်ဆေးပါတယ်။ စစ်ဆေးပြီးတော့ လိုအပ်ချက်တွေအားလုံးကို ကျွန်တော်တို့ကန့်ကွက်တယ်။ ကန့်ကွက် ချက်အရ ပြန်သွင်းရတာတွေရှိတယ်။ အဲဒါ ပြည်ထောင်စုအစိုးရကို တင်တယ်။ လွှတ်တော်ကို တင်တယ်။ အဓိကကတော့ စောစောကပြောသလိုပါပဲ။ အခွန်ထမ်းပြည်သူသိအောင် ဘယ်လိုလုပ်ပေးသလဲ အခါ

ကျတော့ ကျွန်တော်တို့ဘက်က Printed Media နဲ့ Electronic Media ပေါ့၊ သတင်းစာတို့၊ သတင်းကြေညာချက်တို့၊ Website တွေမှာ တင်ဖို့တော့ လိုမယ်လို့ ကျွန်တော်တို့ ဒီလိုလေး သွားသုံးသပ်ပါတယ်။

နောက်ဆုံးတစ်ချက်က အဆင့်(၃)ဆင့်လုံးမှာရှိတဲ့ဟာတွေ အားလုံးရှိနေပေမယ့် တစ်ချက်လိုနေတာ ဘာလဲဆိုတော့ သူတို့ရဲ့ အသုံးအနှုန်း၊ အခေါ်အဝေါ်တွေအရ Citizens Budget လို့ခေါ်တဲ့ တစ်နည်းအားဖြင့် Citizens Guide on Budget လို့ခေါ်တဲ့ ပြည်သူကို အသိပေးသော၊ ရိုးရှင်းလွယ်ကူသော ဘတ်ဂျက်တင်ပြပုံ ပုံစံဖြစ်ပါတယ်။ Survey အရ သူတို့လုပ်ထားတဲ့ နိုင်ငံတွေရဲ့ Sample တွေကျွန်တော်တို့ကို ချပြပါတယ်။ ချပြပြီး ကျွန်တော်တို့ ဆွေးနွေးသူတွေ အုပ်စုခွဲပြီးတော့ အမှတ်ပေးခိုင်းပါတယ်။ ကျွန်တော်တို့ စိစစ်အမှတ်ပေး သုံးသပ်တာနဲ့ သူတို့ ကမ္ဘာက လုပ်ထားတဲ့ Open Budget Survey နဲ့ တော်တော်ကြီး သွားတူတာ တွေ့ရပါတယ်။ အဲဒီအထဲမှာ ထိပ်ဆုံးစာရင်း ဝင်နေတဲ့ South Africa တို့၊ Indonesia တို့၊ Uganda တို့၊ India တို့ဟာ အကောင်းဆုံးဝင်နေတာကို တွေ့ရပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော် Power Point လေး ထိုးပြီးတော့ ရှင်းပြခွင့် ပန်ကြားပါတယ်။ ဒါကျွန်တော်တို့ First Slide ဖြစ်ပါတယ်ခင်ဗျား။ ဒါက ကျွန်တော်တို့ South Africa ရဲ့ ဟိုဟာ ဖြစ်ပါတယ်။ South Africa က ပြပုံ၊ ပြနည်းကတော့ အလယ်မှာ Consolidated Government Budget ဆိုပြီးတော့ သူတို့ နိုင်ငံတော်အစိုးရရဲ့ ဗဟိုရန်ပုံငွေမှာ ဒီနှစ်အတွက် (၉၀၇)ဘီလီယံ Rand ပေါ့။ ဒါသုံးမယ်ဆိုတာပါတယ်။ နောက် Growth က (8.6) ရှိတယ်ဆိုတာ ဒါပြယုဂ်ပါ။ ချက်ချင်း မြင်သာပါတယ်။ ဒါတစ်ချက်။ ပြီးတော့မှ သူတို့ကကဏ္ဍကြီး(၄)ခု ထပ်ခွဲသွားပါတယ်။ အဲဒီကနေ ဘယ်ကိုဆင်းသွားသလဲ ဆိုတဲ့အခါကျတော့ သူတို့က ထပ်သုံးပေးရမယ့် Social Services, Public Order and Safety General Services, Economic Affairs ဆိုပြီးတော့ ကဏ္ဍကြီး(၄)ရပ်ကို ထပ်ခွဲတယ်။ ဟိုမှာ ဘောလုံးအကြီး(၄)လုံး။ အဲဒီကမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ထပ်ခွဲပြီးတော့ အဝိုင်းလေး၊ အဝိုင်းလေး တစ်ခုချင်း၊ တစ်ခုချင်းဟာ ဌာနတစ်ခုဖြစ်ပြီးတော့၊ အဲဒီမှာသုံးရမယ့် ခွင့်ပြုငွေကို ကိန်းဂဏန်းပမာဏရော၊ ရာခိုင်နှုန်းပါ တစ်ခါတည်း ပြထားပါတယ်။ ဒီ ကားချပ်တစ်ချပ်ကို ကြည့်လိုက်တာနဲ့ သူကဘတ်ဂျက်ခွဲဝေပုံကို ပြည်သူက သာမန်အားဖြင့် နားလည်သွားပါတယ်။

နောက် Slide ကတော့ အထူးပြုဖော်ပြချက်ဖြစ်ပါတယ်။ အဲဒီအထူးပြုဖော်ပြချက်မှာ ဘာပါလဲဆိုတော့ ဒီ Pie Graph တွေနဲ့ ပြထားပြီးတော့ ရနိုင်တဲ့ Revenues တွေ၊ သုံးမယ့်ဟာတွေ အကုန်ပါပါတယ်။ ဘယ်အထိအောင်ပါသလဲဆိုရင် ဒီဘက်အခြမ်းမှာ ကျွန်တော်တို့ တွေ့ရတာက ဓာတ်ဆီဈေးနှုန်းကို (၂၅.၅) Cent တိုးမယ်။ ဆေးလိပ်တစ်ဘူးဟာတော့ဖြင့် (1.24) Rand လောက်ပိုကျသွားမယ်။ ဝိုင်က ဘယ်လောက်၊ ဘီယာက ဘယ်လောက်၊ အဲဒီအထိအောင်ပါပါတယ်။ ပြည်သူစိတ်ဝင်စားမယ့် အချက်ကလေးတွေ ဖြစ်ပါတယ်။ ရမယ့် Tax Revenue ကိုလည်း ဟိုဘက် Pie Graph နဲ့ ပြထားတာလေး သွားတွေ့ပါတယ်။ ဒါက South Africa ပါ။

နောက်တစ်ခုကတော့ အင်ဒိုနီးရှား ဖြစ်ပါတယ်။ အင်ဒိုနီးရှားကတော့ တစ်မျက်နှာပဲ သုံးထားပါတယ်။ သူက တင်ပြပုံလေးကောင်းတာနဲ့ ပြည့်စုံတာကို ကျွန်တော်တို့ အမှတ်ပေးခြင်း ဖြစ်ပါတယ်။ သုံးထားတဲ့ ဘာသာစကားကတော့ သူတို့ ရုံးသုံးဖြစ်တဲ့ Barhasa Malay ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ဖတ်လို့ရမှာတော့ မဟုတ်ပါဘူး။ တင်ပြမှုကို အမှတ်ပေးထားတာ ဖြစ်ပါတယ်။

နောက်တစ်ခုက Kenya နိုင်ငံရဲ့ ဘတ်ဂျက်ဖြစ်ပါတယ်။ ဒါ Citizens Guide ဖြစ်ပါတယ်။ သူက Page - 1 က တော်တော်လေး ပြည့်ပြည့်စုံစုံ၊ စောစောတုန်းက အာဖရိကတို့၊ ဘာတို့ တင်တဲ့ ပုံစံမျိုးလေးနဲ့ တင်ပြထားတာ ရှိပါတယ်။ Investments တွေပါ ပါတယ်။ နောက်ပြီးတော့ Growth တွေ ပါပါတယ်။ ဒါကတော့ ပြည်သူတွေ စိတ်ဝင်စားတဲ့ စိုက်ပျိုးရေးကိစ္စပါ။ တတိယစာမျက်နှာလည်း အရေးကြီးပါတယ်။ ဒါက သူတို့က ဘယ်လောက်သုံးစွဲမယ်ဆိုတာလေး၊ အသုံးနဲ့ ပတ်သက်လို့ Revenue ကို သုံးမယ်စနစ်နဲ့ ပတ်သက်လို့ ပြထားတဲ့ Graph ဖြစ်ပါတယ်။ နောက် စာမျက်နှာ(၅)၊ အဲဒါကျတော့ စောစောတုန်းက ကျွန်တော်တို့ South Africa နဲ့ တင်ပြပုံခြင်း တူပါတယ်။ ဒီ Flow Chart ကလေးတွေနဲ့ သွားတာဖြစ်တဲ့အတွက်ကြောင့် တင်ပြပုံ ကောင်းပါတယ်။ နောက်တစ်ခုကတော့ Abbreviation တွေ ဖြစ်ပါတယ်။ သုံးထားတဲ့ ဝေါဟာရ အသုံးအနှုန်းတွေကို ပြန်ရှင်းတာ ဖြစ်ပါတယ်။

ဒါကတော့ အိန္ဒိယ ဖြစ်ပါတယ်။ အိန္ဒိယကတော့ နည်းနည်းများတယ်။ သူက (၁၄)မျက်နှာတောင် ရှိတယ်။ ကျွန်တော်က ဒါ နမူနာအနေနဲ့ တင်ပြခြင်း ဖြစ်ပါတယ်။ စာသင်သား၊ သင်တန်းသား၊ ကျောင်းသား လေ့လာလို့ အင်မတန်ကောင်းတဲ့ ပုံစံဖြစ်တဲ့အတွက်ကြောင့် ဒါ အမှတ် မြင့်မြင့်အထဲမှာ ပါတဲ့သဘောတော့ ရှိပါတယ်။ လုပ်ဖို့တော့ နည်းနည်းလေး များတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

အဲဒီအပြင် ကျွန်တော် ဒီမှာ အဲဒါ ကျွန်တော်တို့ သိပ်စာမျက်နှာများလွန်းလို့ ကျွန်တော်တို့ စာအုပ်ပုံစံချုပ်ထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်က အဖုံးလောက်ပဲ ကျွန်တော် ထိုးပြတာ ဖြစ်ပါတယ်။ ဒါ နယူးဇီလန် ရဲ့ ဘတ်ဂျက် ဖြစ်ပါတယ်။ ဒါ Citizens Budget ကိုပဲ Ministers Executive Summary ဆိုပြီးတော့ ထုတ်ပြန်ပေးတာ ဖြစ်ပါတယ်။ ဒါ နယူးဇီလန် ဖြစ်ပါတယ်။ နောက်တစ်ခုက ဒါ ချီလီနိုင်ငံ ဖြစ်ပါတယ်။ သူလည်း အဲဒီအတိုင်းပါပဲ။ ဒါ စာအုပ်ကြီးဖြစ်နေလို့ ဒီအထဲမှာ Slide မထည့်တော့ပါဘူး။ ဒါ ရဝမ်ဒါ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒါတွေကို ပြန်ကြည့် လိုက်လို့ရှိရင် ဘာသွားတွေ့သလဲဆိုတော့ သူတို့တွေဟာ၊ သူတို့နိုင်ငံရဲ့ အခြေအနေအရ လုပ်နိုင်တာတွေ ကို လုပ်ထားတယ်ဆိုတာလေး သွားတွေ့ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒါလေးတော့ လုပ်ဖို့ လိုမယ်လို့ ကျွန်တော့်တို့ဘက်က သုံးသပ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော် သွားတက်ခဲ့တဲ့ ကိစ္စလေးတစ်ခုပါ။ Panama မှာ ကျွန်တော့် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဟိုဘက်က ဖိတ်ကြားတဲ့ ဒီ Conference of the State Parties to the United Nations Convention Against Corruption-UNCAC ရဲ့ ပဥ္စမမြောက်ညီလာခံကို ကျွန်တော် သွားတက်ခွင့်ရပါတယ်။ State Party ဆိုတဲ့ အစိုးရဘက်ကတော့ ဒုတိယရှေ့နေချုပ်၊ အဲဒီအချိန်တုန်းက ကော်မရှင် မရှိသေးတဲ့အတွက်ကြောင့် Anti-Corruption Commission မပေါ်သေးတဲ့အတွက်ကြောင့် ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ် တက်ပါတယ်။ နောက် PSI က တက်ပါတယ်။ ကျွန်တော်တို့ကတော့ ဒီဘက်က ကျွန်တော်နဲ့၊ ဟိုဘက် လွှတ်တော်က ဦးနိုင်ငံလင်း တို့ တက်ခွင့်ရ ပါတယ်။ တက်တဲ့အခါမှာလည်း အဲဒါ ကျွန်တော်တို့ရဲ့ Time Table ဖြစ်ပါတယ်။ နောက် ဒီဘက်မှာ မြင်ရတဲ့ Section တစ်ခုမှာ ဘာပါသလဲဆိုတော့ ကျွန်တော်တို့က Open Contracting ဆိုတဲ့ဟာကို သွားပြီးတော့ ခေါင်းစဉ်မှာ သွားထိုင်လိုက်ရတယ်။ ထိုင်လိုက်တဲ့အခါမှာ အဲဒီမှာ ဘာသွားသလဲဆိုတော့ Special Events Round Table Discussion ဆိုပြီးတော့ လုပ်ပါတယ်။ လုပ်တဲ့အခါကျတော့ ပါလာတာက British Bankers Association ဆိုပြီး ဗြိတိန်နိုင်ငံ၊ ဘဏ်များအသင်းက အတွင်းရေးမှူး Ph.D အမျိုးသမီးပါခင်ဗျား။ သူက

တော်တော်ပြောတာ၊ ကျွန်တော်တို့ရဲ့ ဘတ်ဂျက်။ တော်တော်ကြီးပြောတာ။ ကျွန်တော်တို့ရဲ့ ဘက်ဂျက်က Transparency မရှိဘူး။ Corruption တော်တော်များတယ်။ Contracting ကလည်း Open မဖြစ်ဘူး။ ဘာလုပ်လုပ် တရုတ်ချည်းပဲ ထိုးပေးနေတယ် စသည်ဖြင့်ပြောတော့၊ ကျွန်တော် Mic တောင်းလိုက်ပါတယ်။ တောင်းပြီးတော့ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး တော်တော်တောင် အံ့သြသွားတယ်။ ဒီလို နေရာမှာ ကျွန်တော်တို့နိုင်ငံက တက်လှေ့မရှိသေးဘူး ဟိုတုန်းက။ ကျွန်တော် ကိုယ်တိုင်လာတာ ဖြစ်တဲ့ အတွက်ကြောင့် သိချင်ရင် ကျွန်တော့်မေး။ ခင်ဗျား Corruption ရှိတယ်ဆိုတဲ့ ဟာ တစ်ခု ကျွန်တော်တို့ကို ထောက်ပြ။ လွှတ်တော်ကို ပြန်တင်ပြပြီး စုံစမ်းလို့ရတယ်။ ကျွန်မ General သုံးသပ်တာပါ။ General တော့ မသုံးသပ်နဲ့ ကျွန်တော်တို့ နစ်နာပါတယ်။

နောက်တစ်ခု တရုတ်ရတယ်ဆိုတဲ့ကိစ္စ။ ခင်ဗျားတို့ ပိတ်ဆို့ထားတဲ့ကာလမှာ ကျွန်တော်တို့က ပေါင်းလို့ရတဲ့ နိုင်ငံနဲ့ ပေါင်းတယ်။ လုပ်လို့ရတဲ့နိုင်ငံနဲ့ လုပ်တယ်ဆိုတာ ရှင်းပြတဲ့အခါကျတော့ Break လုပ်တဲ့အချိန်မှာ လာတောင်းပန်ပါတယ်။ သူ့ရဲ့ Visiting Card လေးလည်း ပေးတယ်။ သူနဲ့ ပါလာတဲ့ တစ်ယောက်က World Bank က အမျိုးသမီး၊ သူလည်း Ph.D ပါပဲ။ သူက လာအားပေးသွားတယ်။ ဒီလိုလွှတ်တော်တွေ ပေါ်လာရင် သူတို့အားပေးပါတယ်ဆိုပြီး လာအားပေးသွားတာ ရှိပါတယ်။ နောက်ဆုံး တစ်ခုကတော့ ကျွန်တော်တို့ ဟိုဘက်က အမကြီးဒေါ်စု ဖိတ်တဲ့အတွက်ကြောင့် US Senator Mr. Richard dson ရဲ့ ဖောင်ဒေးရှင်းကလာပြီး ကျွန်တော်တို့ လွှတ်တော်ရဲ့ Budgeting တွေနဲ့ ပတ်သက်လို့ Workshop လုပ်ပါတယ်။ PAC နဲ့ ကျွန်တော်တို့ လွှတ်တော် တော်တော်များများ၊ နှစ်ဘက်က ကိုယ်စားလှယ်တွေ တက်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဘတ်ဂျက်တွေနဲ့ ပတ်သက်ရင် Open Budget ပဲ ဝေဖန်တာပဲ။ ကျွန်တော်ကတော့ သိချင်လို့မေးတာပါဆိုပြီး မေးလိုက်တယ်။ ခင်ဗျားတို့နိုင်ငံမှာ Defend Budget ဘယ်လိုလုပ်လဲလို့၊ တို့ကတော့ Full House ပဲ လုပ်ပါတယ်။ သူတို့ သိပ်မဖြေချင်ဘူး။ နောက်တော့ ဖြေပါတယ်။ Defend Budget ကတော့ Closed Door ပဲ လုပ်ပါတယ်။ Select Committee နဲ့ပဲ လုပ်ပါတယ်။ CIA ဘတ်ဂျက်ရောဆိုပြီး မေးတဲ့အခါကျတော့ Closed Door ပါပဲတဲ့။ အဲဒါကတော့ One Line Budget ပဲ ထွက်ပါတယ်။ ဆိုတော့ သူတို့လည်း ပွင့်လင်းမြင်သာမှု မရှိတာတွေ သွားတွေ့ပါတယ်။

ကျွန်တော် ပြောချင်တဲ့အချက်ကလေးက ဘာလဲဆိုတဲ့အခါကျတော့ ကျွန်တော် ဒီမေးခွန်း ပေါ်ပေါက်တာက နိုင်ငံတကာက ကိုယ့်အပေါ်မှာ မြင်တဲ့အမြင်က ပွင့်လင်းမြင်သာမှုရှိအောင် လုပ်နေတယ်။ အစိုးရဘက်က တိုးတက်အောင် လုပ်နေတယ်။ Reforms တွေ အားလုံးလည်း အသိ အမှတ်ပြုတယ်။ ဘာမဟုတ်တဲ့ ဒီဘတ်ဂျက်ကလေးမှာ လိုအပ်နေတဲ့ Document တစ်ခု၊ နှစ်ခုလေး ရှိနေတဲ့အတွက်ကြောင့် ဒီလိုအပ်ချက်အရ In-year Report လို့ ခေါ်တဲ့ (၃)လပတ် မလုပ်နိုင်ရင်လည်း (၆)လပတ်၊ နှစ်ဝက်နဲ့ နှစ်ချုပ်ကို အစိုးရပိုင်းသိရုံတင်မကဘူး။ ပြည်သူပေါ့၊ အခွန်ထမ်းပြည်သူရော၊ Tax Payer ကို သိအောင်လုပ်တဲ့ နည်းလေးတစ်နည်း။ ဒါ လိုတယ်လို့ တွေ့တယ်။ နောက် အခု တင်ပြသွားတဲ့ Citizens Budget တွေ လိုတယ်ဆိုတာလေးတွေ့ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဒါကြောင့် ဒါနဲ့ပတ်သက်လို့ နိုင်ငံတော်အနေနဲ့ ဘဏ္ဍာရေးဌာနအနေနဲ့ ဘယ်လို အစီအစဉ်များ ရှိတယ်ဆိုတာ သိလိုတဲ့အတွက်ကြောင့် နိုင်ငံ့အကျိုးအတွက် မျှော်ကိုးပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာ ဘတ်ဂျက် အတွက် ဝင်ငွေရရှိမှုဟာ နိုင်ငံသားများထံမှ အခွန်အခများ ကောက်ခံရရှိခြင်း၊ သဘာဝသယံဇာတ ပစ္စည်းများ တူးဖော်ထုတ်လုပ်ခြင်းနဲ့ ချေးငွေများ ရရှိခြင်းတို့ပဲ ဖြစ်ပါတယ်။ နိုင်ငံသားများအနေနဲ့လည်း ၎င်းတို့ရဲ့ ဒီအခွန်အခတွေကို ဘယ်လို ခွဲဝေသုံးစွဲတယ်၊ ချေးယူငွေများအတွက် ဘယ်လိုပြန်လည် ပေးဆပ်တယ် ဆိုတာကို သိရှိစေရေးအတွက်လည်း အသိပေးတင်ပြဖို့ရာမှာ အစိုးရတိုင်းရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတာ မှန်ပါတယ်။ ကျွန်တော်တို့ ဘတ်ဂျက် အနေနဲ့လည်း ယခုထက် ပိုမိုပြီးတော့ ပွင့်လင်းမြင်သာမှုရှိရေးအတွက် ဆောင်ရွက်ဖို့ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့လည်း ဆောင်ရွက်မှုတွေကို ကျွန်တော့်အနေနဲ့ ဒီမှာ ရှင်းလင်း တင်ပြသွားပါမယ်။

ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ Citizens Budget ဆိုတာဟာ အစိုးရအနေနဲ့ ဝင်ငွေ ဘယ်လောက်ရရှိတယ်၊ ဘယ်လို ခွဲဝေသုံးစွဲတယ် ဆိုတာကို ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများ မပါရှိစေဘဲနဲ့ နိုင်ငံသားများအနေနဲ့ပေါ့ ရိုးရှင်းလွယ်ကူစွာ သိရှိနားလည်စေဖို့ ဘတ်ဂျက်ဆိုင်ရာ အခြေခံသတင်း အချက်အလက်တွေကို ထုတ်ပြန်ပေးခြင်းပဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့အတိုင်းပါပဲ Citizens Budget ဖြစ်ဖို့ အဓိက လိုအပ်ချက်တွေကတော့ ခုန တင်ပြခဲ့တဲ့ အတိုင်း Pre-Budget Statement, Executive's Budget Proposal, The Enacted Budget နှစ်အတွင်းအစီရင်ခံစာ၊ နှစ်လယ်အစီရင်ခံစာ၊ နှစ်ကုန်အစီရင်ခံစာတွေ ထုတ်ပြန်ခြင်းနဲ့ စာရင်းစစ် အစီရင်ခံစာတွေကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ ရသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်ကို နှစ်စဉ် ကျွန်တော်တို့ တင်သွင်းလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ပုံစံကို ယခင်က နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်း ရှိရာမှနေပြီးတော့ ပြည်ထောင်စုဘတ်ဂျက်နဲ့ တိုင်းဒေသကြီး/ပြည်နယ်များရဲ့ ဘတ်ဂျက်များအဖြစ် ကျွန်တော်တို့ ခွဲခြား

ရေးဆွဲခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်နဲ့ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များမှာလည်း ဘတ်ဂျက်ကိစ္စကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ကြပြီ ဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဥ်တွေကို ၂၀၁၂ ခုနှစ်က စတင်ပြီးတော့ ဆောင်ရွက်လျက်ရှိရာမှာ ဘတ်ဂျက်ပွင့်လင်းမြင်သာမှု ရှိစေရေး ဘတ်ဂျက်ကို ပြင်ဆင်ရေးဆွဲတဲ့အဆင့်၊ အဆင့်ဆင့် စိစစ်တဲ့အဆင့်၊ ဘတ်ဂျက် အကောင်အထည်ဖော်နိုင်မှုကို အစီရင်ခံတဲ့ အဆင့်များမှာ နိုင်ငံတကာစံနှုန်းများနဲ့ ညီညွတ်စေရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု နယ်ပယ်ဟာ ကျယ်ပြန့်နက်နဲရှုပ်ထွေးတဲ့ နယ်ပယ်တစ်ခုဖြစ်တဲ့အတွက် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မယ့် အချိန်ကာလဟာ ရှည်ကြာနိုင်မှာဖြစ်တဲ့အတွက် ဦးစားပေး ပြုပြင်ပြောင်းလဲသင့်တဲ့ နယ်ပယ်တွေ စီစဥ်ခြင်းနဲ့ စနစ်တကျစီစဥ်ခြင်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု စနစ်အပေါ် လေ့လာသုံးသပ်ချက် အစီရင်ခံစာတွေအရ အားသာချက်နဲ့ အားနည်းချက်တွေ လုပ်ငန်းဆောင်ရွက်မှုအရ ကြုံတွေ့ရတဲ့ အခက်အခဲများပေါ် အခြေပြုပြီးတော့ မိမိတို့ ဘဏ္ဍာရေးဝန်ကြီးဌာနဟာ ပြည်တွင်းမှ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလက်တွဲပြီးတော့မှ စီးပွားရေးနဲ့ လူမှုရေး ပြုပြင်ပြောင်းလဲရေးမူဘောင်ရဲ့ ရည်မှန်းချက်များနဲ့အညီ လိုက်လျောညီထွေဖြစ်တဲ့ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲခဲ့ပြီးလည်း ဖြစ်ပါတယ်။

အခုအခါမှာ ဒီမဟာဗျူဟာကို မြန်မာနိုင်ငံရဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အဖြစ် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည် ဖော်လျက်ရှိပါတယ်။ စီမံချက်ရဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်က မြန်မာနိုင်ငံရဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု စနစ်နဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန်၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု မူဝါဒဖော်ဆောင်မှုနဲ့ ထိရောက်ကောင်းမွန်ပြီး တာဝန်ခံမှုရှိတဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်မှာ မကြာမီတည်ထောင်မယ့် ငွေတိုက်ဦးစီးဌာနတို့ဟာ ဦးဆောင်အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဒီစီမံချက်ကို ဖော်ပြပါ အပိုင်း(၅)ပိုင်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုင်း(၁)အနေနဲ့ကတော့ အခွန်ရငွေ စုစည်းမှု ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ အပိုင်း(၂) အနေနဲ့ကတော့ စီမံကိန်းရေးဆွဲခြင်းနဲ့ ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဥ်များ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ အပိုင်း(၃)အနေနဲ့ကတော့ ဘတ်ဂျက်အကောင်အထည်ဖော်မှုနဲ့ ဘဏ္ဍာရေးအစီရင်ခံမှု ဖွံ့ဖြိုးတိုးတက်ရေးပဲ ဖြစ်ပါတယ်။ ဒါ ခုန တင်ပြတဲ့ ပွင့်လင်းမြင်သာတဲ့ ဘတ်ဂျက်ဖြစ်ရေးအပိုင်းက ဒီအပိုင်းမှာ ပါဝင်ပါတယ်။ အပိုင်း(၄)အနေနဲ့ကတော့ ပြင်ပကြီးကြပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ ဒါ စာရင်းစစ်အပိုင်း ဖြစ်ပါတယ်။ အပိုင်း(၅)ကတော့ စွမ်းဆောင်ရည် မြှင့်တင်ရေး ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ဟာ ပြည်သူ့ဘဏ္ဍာငွေ ရရှိမှု၊ သုံးစွဲမှုတို့ကို ဖော်ပြတဲ့စာရင်းများ ဖြစ်တဲ့အတွက် ရငွေများ အပြည့်အဝ ရရှိရေးနဲ့ အသုံးစရိတ်များကို ထိရောက်မှန်ကန်စွာ သုံးစွဲနိုင်ရေးက အထူးအရေးကြီးတဲ့

အတွက် ကမ္ဘာ့နိုင်ငံအသီးသီးဟာ ဘတ်ဂျက်နဲ့ပတ်သက်ပြီးတော့ မိမိတို့ရဲ့ ဘဏ္ဍာရေးမူဝါဒတို့ကို အခြေခံပြီး စနစ်တကျရှိဖို့နဲ့ ပွင့်လင်းမြင်သာမှုရှိဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ အချို့နိုင်ငံများဟာ မိမိတို့ အတည်ပြုပြီးတဲ့ ဘတ်ဂျက်ဥပဒေကိုသာ ထုတ်ပြန်ကြေညာလေ့ ရှိသကဲ့သို့ တချို့နိုင်ငံများကတော့ ဘတ်ဂျက်ဥပဒေကို ထုတ်ပြန်တဲ့အပြင် ဒါ ဘတ်ဂျက်အကျဉ်းချုပ် စာအုပ်တွေထုတ်ဝေခြင်း၊ ဘတ်ဂျက်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ပြုစုဖြန့်ဝေခြင်း၊ လွှတ်တော်ကိုတင်သွင်းတဲ့ ဘတ်ဂျက် Speech ကို ဖြန့်ဝေခြင်းများအပြင် ဘတ်ဂျက် အကောင်အထည် ဖော်မှုကို စနစ်တကျစောင့်ကြည့်ခြင်း အစီရင်ခံတင်ပြခြင်းတို့ကိုလည်း နိုင်ငံအလိုက် ၎င်းတို့ရဲ့ လုပ်ထုံးလုပ်နည်း များနဲ့အညီ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

မိမိတို့နိုင်ငံမှာလည်း တစ်နှစ်ထက်တစ်နှစ် ဘတ်ဂျက်တင်ပြမှု အကောင်အထည်ဖော်မှုတွေကို ယခုထက် ပိုမိုပွင့်လင်းမြင်သာမှုကို ရှေ့ရှုဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး များရဲ့ ဘတ်ဂျက်နဲ့ပတ်သက်တဲ့ ဆွေးနွေးမှုများကိုလည်း အထက်မှာ တင်ပြတဲ့အတိုင်းပဲ နေ့စဉ်ထုတ် သတင်းစာတွေ၊ ရေဒီယိုတွေ၊ ရုပ်မြင်သံကြားတွေမှာ အချိန်နဲ့တစ်ပြေးညီ ထည့်သွင်းဖော်ပြခြင်းတွေကို ပြုလုပ်နေပါတယ်။ ပြည်သူများက ရွေးချယ်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက ဆွေးနွေးနေခြင်းဖြစ်တဲ့ အတွက် ပြည်သူများကိုယ်စား ဝေဖန်ဆွေးနွေး သုံးသပ်ပေးနေခြင်းဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။

စောစောက ကျွန်တော် တင်ပြခဲ့တဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက်ကို မိမိတို့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ရှေ့လုပ်ငန်းစဉ်များ ကျွန်တော်တို့ ချမှတ် ဆောင်ရွက်လျက်လည်း ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်မှာ Treasury Department ကို ဖွဲ့စည်းတည်ထောင်ခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှာ ဘဏ္ဍာရေး မူဝါဒနဲ့ မဟာဗျူဟာဌာနခွဲ၊ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးများကြား ဘဏ္ဍာရေး ဆက်သွယ်မှုဌာနခွဲတို့ကို တိုးချဲ့ဖွင့်လှစ်ခြင်း ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုစနစ်ကို လျှော့ချသွားဖို့နဲ့ တစ်နှစ်စာဘတ်ဂျက် လျာထားမှုကို အနီးစပ်ဆုံး ခန့်မှန်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခြင်း၊ မူဝါဒ အခြေခံဘတ်ဂျက် ဖြစ်ပေါ်ရေး အတွက်ကို Bottom-Up Planning နဲ့ Top-Down Budgeting ပုံစံကို တွဲဖက်ကျင့်သုံးပြီး ကာလလတ် ဘဏ္ဍာရေးမူဘောင်လို့ ခေါ်တဲ့ Medium Term Fiscal Framework ချမှတ်ကျင့်သုံးခြင်း၊ မြန်မာ့ စီးပွားရေးဘဏ်ရုံးချုပ်နဲ့ ဘဏ်ခွဲများမှာ Online ချိတ်ဆက်ပြီးတော့မှ Centralized Server အသုံးပြု နိုင်တဲ့ Core-Banking System တစ်ခုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အခွန်အကောက် ရငွေ တိုးမြင့်လာစေရေး ဆောင်ရွက်ခြင်းနဲ့ အခွန်ကောက်ဥပဒေများ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း တွေကို ဘဏ္ဍာရေးမူဝါဒနဲ့အညီ ဆောင်ရွက်ခြင်း၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ LTO ရုံးတွေ ဖွင့်လှစ်ခြင်း နဲ့ Software များ တပ်ဆင်အသုံးပြုခြင်း၊ နောက် စာရင်းစစ်ဆေးမှုနဲ့ ပတ်သက်ပြီးတော့ ကွန်ပျူတာ အကူအညီနဲ့ စစ်ဆေးတဲ့ နည်းပညာများ အသုံးပြုပြီးတော့မှ စာရင်းစစ်ဆေးမှု အဆင့်အတန်း တိုးမြှင့် ဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပ စာရင်းစစ်ပညာဆိုင်ရာ သင်တန်းများ ပို့ချခြင်းနဲ့ ဝန်ထမ်းများ အရည်အသွေး တိုးမြင့်စေခြင်း၊ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်များ တိုးမြင့်လာစေဖို့အတွက် Public Financial Management Academy တည်ထောင်ခြင်းနဲ့ နိုင်ငံ့ဝန်ထမ်းပင်စင်စနစ် ပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုစနစ်အရ ကျွန်တော်တို့ ဘဏ္ဍာရေးဝန်ကြီးဌာနဟာ ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် ဆောင်ရွက်လျက် လည်း ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ပါ စောစောက

ကျွန်တော်တင်ပြခဲ့တဲ့ လုပ်ငန်းစဉ်များနဲ့ ရှေ့လုပ်ငန်းစဉ်များမှာ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်း သလိုပဲ ပွင့်လင်းမြင်သာတဲ့ ဘတ်ဂျက်အဖြစ် ဆုံးဖြတ် အကဲခတ်နိုင်စေရန်နဲ့ နိုင်ငံတကာစံနှုန်းနဲ့အညီ Open Budget ဖြစ်စေရေး Citizens Budget ဖြစ်ပေါ်လာစေရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အစီအစဉ် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ရီ ရဲ့ မေးခွန်းနဲ့ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကို နည်းဥပဒေ ၁၂၂ အရ နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ )

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြည်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးတွင် တိုးချဲ့လူနာဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ခင်မောင်လေး က ပြည်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးတွင် တိုးချဲ့လူနာဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကော်မရှင် အဖွဲ့ဝင်များနဲ့ ကိုယ်စားလှယ်များအားလုံး ကာယသုခ စိတ္တသုခ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေ လို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပြည်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးမှာ တိုးချဲ့လူနာဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်မြို့အထွေထွေ ရောဂါကုဆေးရုံကြီးကို ၁၉၉၆ ခုနှစ်၊ ၉ လပိုင်းမှာ ခုတင် (၂၀၀)အဆင့်ကို တိုးချဲ့ပြီးတော့ သတ်မှတ်ခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်၊ ၈ လ ပိုင်းမှာတော့ အောင်ဆန်းပြည်သာယာရပ်ကွက် (၂၂)ကေကျယ်တဲ့နေရာကို ဆေးရုံသစ်အနေနဲ့ ပြောင်းရွှေ့ပြီးတော့ကာ ၂၀၁၂ ခုနှစ်၊ ၂ လပိုင်းမှာ စံကိုက် ခုတင်(၂၀၀)ဆေးရုံကြီးအဖြစ်နဲ့ တိုးချဲ့ဖွင့်လှစ် ခဲ့ပါတယ်။ ယခု ဆေးရုံရှေ့မှာရှိတဲ့ အဆောင်နံပါတ် (၂)မှာတော့ ဖျားနာဆောင်နဲ့ ကလေးကုသရေး ဆောင်နှစ်ခုကို ထားရှိပြီးတော့ ယခုအခါမှာ ဆေးဝါးကုသမှုတွေက အခမဲ့ကုသပေးတဲ့ ဆေးရုံဝန်ဆောင်မှု တွေဟာ တိုးတက်အောင်မြင်လာတဲ့အခါမှာ ဆေးရုံတက်တဲ့ လူနာကများပြားလာကြပါတယ်။ များပြား လာတဲ့အခါကျတော့ ဒီလူနာတွေဟာ ကော်ရစ်တာ ဝရံတာတွေမှာ ပြည့်နေပါပြီ။ ကျွန်တော်တို့

ကိုယ်တွေ့ပဲ တွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်လည်းပဲ ဒီလောကရဲ့ ဝန်ထမ်းဟောင်းတစ်ဦး ဖြစ်ခဲ့သည်နှင့်အမျှ ဒီနေရာတော့ဖြင့် တိုးချဲ့လူနာဆောင် လိုအပ်နေပြီဆိုတာကို သိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည်မြို့အထွေထွေရောဂါကုဆေးရုံကြီးမှာ ကလေးကုသဆောင် လူနာနဲ့ပတ်သက်ပြီးတော့ တိုးချဲ့ဆောင်အဖြစ် တိုးချဲ့ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ ပတ်သက်ပြီးတော့ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြိတ်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော လူနာတင်ယာဉ် (Ambulance) တစ်စီး ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့် က မြိတ်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော လူနာတင်ယာဉ် (Ambulance) တစ်စီး ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တနင်္သာရီတိုင်း ဒေသ ကြီး မြိတ်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော လူနာတင်ယာဉ် (Ambulance)တစ်စီး ထောက်ပံ့ပေးရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြိတ်မြို့မှာ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီးနဲ့ မိခင်နှင့်ကလေးဆေးရုံ ဆိုပြီးတော့ ရှိပါတယ်။ မိခင်နှင့်ကလေးဆေးရုံဟာ မြို့တွင်းမှာ တည်ရှိပြီးတော့ ကလေးလူနာများနဲ့ ကလေးမွေးဖွားမယ့် မိခင်များ တက်ရောက်ကုသလျက်ရှိပါတယ်။ ခွဲစိတ်မွေးဖွားရန် လိုအပ်တဲ့ လူနာများကို မြိတ်မြို့မှာရှိတဲ့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးကို လွှဲပြောင်းပို့ဆောင်ပေးရသလို လူနာများ ဆေးစစ်ဆေးခံရန်အတွက် လိုအပ်ပါကလည်း ပို့ဆောင်ပေးရာမှာ အခက်အခဲများ ကြုံတွေ့နေရပါတယ်။ လက်ရှိ ဆေးရုံကြီးမှာ အသုံးပြုနေတဲ့ လူနာတင်ယာဉ်ကတော့ လွန်ခဲ့တဲ့ အနှစ် (၂၀)ခန့်က အလှူရှင် ဦးအောင်၊ ဒေါ်မေမေသန်း လှူဒါန်းသော Hiace အမျိုးအစား ယာဉ်ကိုပဲ လူနာတင်ယာဉ်အဖြစ် အသုံးပြုနေတာ ဖြစ်ပါတယ်။ ယာဉ်ကလည်း နှစ်ကြာတာနဲ့အမျှ ဟောင်းနွမ်းပြီးတော့ မကြာခဏ စက်ချို့ယွင်း နေကြောင်းကိုလည်း သိရှိရပါတယ်။ ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးဝါးများ အခမဲ့ ဖြန့်ဝေပြီးတော့ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနဲ့ ကျန်းမာရေးဝန်ထမ်းများရဲ့ စေတနာထား ကုသဆောင်ရွက်ပေးမှုကြောင့် ဒေသခံများ ယခင်ကထက် ပိုမိုပြီးတော့ ဆေးဝါး ပိုမိုကုသခံယူမှု များပြားလာတာကိုလည်း တွေ့ရှိရပါတယ်။

၂၀၁၂ ခုနှစ်မှာ လူနာ ပေါင်း (၉၁၀၄)ဦး တက်ရောက်ခဲ့ရာမှာ၂၀၁၃ ခုနှစ်မှာဆိုရင် (၁၅၄၂၄) ဦးထိ တိုးတက်ပြီးတော့ ကုသခံယူခဲ့ပါတယ်။ ခု ၂၀၁၄ ခုနှစ်၊ မတ်လ အထိလည်းပဲ လူနာပေါင်း (၃၀၀၀) ခန့် တက်ရောက် ကုသခံယူခဲ့တာကို သိရှိရပါတယ်။ ဒါကြောင့် ပုံမှန်သယ်ယူပို့ဆောင်ရန်အတွက်ဖြစ်စေ၊

အရေးပေါ်သယ်ယူ ပို့ဆောင်ရန်အတွက်ဖြစ်စေ လူနာများကို ဘေးကင်းမြန်ဆန်စွာ ပို့ဆောင်ပေးနိုင်ရန်အတွက် လူနာတင် ယာဉ်တစ်စီးတော့ လိုအပ်လျက်ရှိတာ အမှန်ဖြစ်ပါတယ်။

ဒါကြောင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းလိုသည်မှာ မြိတ်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော လူနာတင်ယာဉ် (Ambulance) တစ်စီး ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး ၏ မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီးဖြစ်သူ မိမိမှရှေးဦးစွာ ပြန်လည်ရှင်းလင်း တင်ပြသွားပါမယ်။

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးမှာ လူနာကုသဆောင် စုစုပေါင်း (၄)ဆောင်ရှိပါတယ်။ အဆောင်(၂)၏ အပေါ်ထပ်တစ်ဝက်ကို ဖျားနာလူနာဆောင်တစ်ဝက် ကျန်တစ်ဝက်ကို ကလေးကုသဆောင်လူနာအဖြစ် အသုံးပြုလျက် ရှိပါတယ်။ ယခုအခါ ဆေးဝါးများ ထောက်ပံ့ပေးနိုင်တဲ့အတွက် ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက် ကုသမှုခံယူတဲ့ လူနာဟာ တိုးတက်များပြားလာပါတယ်။ ဖျားနာကုသဆောင်တွင် နေ့စဉ် လူနာ (၆၀)မှ (၇၀)ဦးခန့် အတွင်းလူနာအဖြစ် တက်ရောက် ဆေးကုသမှု ခံယူလျက်ရှိပါတယ်။ စာရင်းဇယားများအရ ၂၀၁၃ ခုနှစ်အတွင်း ဖျားနာဆောင်တွင် လူနာစုစုပေါင်း(၂၉၆၂)ဦး တက်ရောက်ခဲ့ပြီး ၂၀၁၄ ခု ဇန်နဝါရီလမှ ဇွန်လအထိ စုစုပေါင်း လူနာ(၁၇၄၅)ဦး ကုသမှုခံယူတာကို တွေ့ရပါတယ်။

အလားတူစွာပဲ ၂၀၁၃ ခုနှစ်တွင် ကလေးကုသဆောင်၌ အတွင်းလူနာ စုစုပေါင်း (၁၄၅၈)ဦး ကုသမှုခံယူခဲ့ပြီး ၂၀၁၄ ဇန်နဝါရီလမှ ဇွန်လအထိ အတွင်းလူနာ စုစုပေါင်း(၇၂၁)ဦး ကုသမှုခံယူတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်၍ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ရှိ ဖျားနာကုသဆောင် အတွက် နေရာပိုမိုလိုအပ်လျက်ရှိပြီး ယခုလက်ရှိ အဆောင်(၂)၏ အပေါ်ထပ်တစ်ဝက်ကိုသာ အသုံးပြု နေရာမှ အဆောင်(၂)တစ်ဝက်ကို အသုံးပြုလျက်ရှိသော ကလေးကုသဆောင် တိုးချဲ့နိုင်ပါက ပြည်သူ့ဆေးရုံကြီးတွင် ကလေးကုသမှုအဆောင်အသစ်ကို ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ပြည်မြို့ ကလေးကုသဆောင်အသစ်ကို ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှစ်အလိုက် စီမံကိန်းအရ ဦးစားပေးဆောင်ရွက်ခြင်းဖြင့် အဆောင်(၂)၏ အပေါ်ထပ်တစ်ခုလုံးကို ဆေးကုသဆောင်အဖြစ် အသုံးပြုနိုင်မှာ

ဖြစ်ပါတယ်။ အတွင်းလူနာအတွက် နေရာ ပိုမိုအဆင်ပြေလာမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး လျာထားချက်မှာ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှာ ကလေးကုသဆောင် အဆောက်အဦ ဆောက်လုပ်ရန် ပါဝင်လျာထားခဲ့ခြင်းမရှိပါ။ သို့ဖြစ်၍ လောလောဆယ် ဆောက်လုပ်ပေးနိုင်ခြင်း မရှိသော်လည်း ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်တွင် ဦးစားပေးအစီအစဉ်အဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုးမြင့် ၏ မေးခွန်းကို ဆက်လက်တင်ပြသွားပါမယ်။ ကျန်းမာရေးဦးစီးဌာနဟာ ပြည်သူ့ဆေးရုံများတွင် အရေးပေါ် လူနာတင်ယာဉ် ထားရှိခြင်းဖြင့် လူနာလွှဲပြောင်းပေးပို့ခြင်းတွင် အထောက်အကူ ပြုစေမှာဖြစ်ပါတယ်။ လူနာတင်ယာဉ်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ကျန်းမာရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့်ဝယ်ထားတဲ့ လူနာတင်ယာဉ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ရရှိတဲ့ လူနာတင်ယာဉ်များ ဂျပန်နိုင်ငံ Nippon Foundation မှ လှူဒါန်းသော လူနာ တင်ယာဉ်များနှင့် ကျန်းမာရေးဦးစီးဌာန ရုံးချုပ်တွင် လက်ရှိ အသုံးပြုနေသည့် လူနာတင်ယာဉ်များကို ၂၀၁၄ မတ်လအတွင်း ပြည်သူ့ဆေးရုံများသို့ ခွဲဝေထောက်ပံ့ခဲ့ပါတယ်။ အဆိုပါ အစီအစဉ်အရ ဗဟိုပြည်သူ့ဆေးရုံကြီး(၃၀)ရုံသို့ လူနာတင်ယာဉ်(၃၇)စီးအား လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပြည်သူ့ဆေးရုံ(၃၀)ရုံသို့ လူနာတင်ယာဉ်(၃၀)စီးအား လည်းကောင်း၊ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များပေါ် ဖြေကြားချက် ကတိကဝတ်များအရ ထောက်ပံ့ပေးရမည့် ဆေးရုံများနှင့် နိုင်ငံခြားသား ခရီးသွားဒေသရှိ ဆေးရုံစုစုပေါင်း ပြည်သူ့ဆေးရုံ (၂၅)ရုံအား အထူးအစီအစဉ်အဖြစ် လူနာတင်ယာဉ်(၂၅)စီးအားလည်းကောင်း၊ ဗဟို ဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် လိုအပ်နေတဲ့ လူနာတင်ယာဉ် (၁)စီးအားလည်းကောင်း၊ စုစုပေါင်း (၉၃)စီးအား ထောက်ပံ့ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျတာဝန် ယူစဉ်အတွင်း အာဆီယံထိပ်သီး အစည်းအဝေး ကျင်းပရာသို့ တက်ရောက်ကြမည့် နိုင်ငံ့ခေါင်းဆောင်များအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် အသုံးပြုနိုင်ရန်အတွက် လူနာတင်ယာဉ်(၁၉)စီးအား ကျန်းမာရေးဦးစီးဌာနရုံးချုပ်တွင် အရန်အဖြစ် တာဝန်ချထားပြီးရှိပါတယ်။

၂၀၁၅ ခုနှစ် အစည်းအဝေးများ ပြီးဆုံးချိန်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်ရှိ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အင်အားဖြည့်တင်း ရေးအတွက်လည်းကောင်း၊ လုပ်ငန်း လိုအပ်ချက် ပြည်သူ့ဆေးရုံကြီးများတွင် အသုံးပြုနိုင်ရန်အတွက်လည်းကောင်း အဆိုပါ လူနာတင်ယာဉ်များကို ထပ်မံဖြန့်ခွဲ၍ ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်တွင် မြို့နယ်အဆင့်ထိ လူနာတင်ယာဉ်များ ထားရှိနိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ လူနာတင်ယာဉ် လိုအပ်လျက်ရှိတဲ့ ဆေးရုံတွေကို ထောက်ပံ့ပေးနိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့ဆေးရုံကြီး မြိတ်မြို့တွင် လိုအပ်နေသော လူနာတင်ယာဉ်တစ်စီးအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ထောက်ပံ့ပေးနိုင်ရန်အတွက် ထည့်သွင်းလျာထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**စက်မှုကုန်ကြမ်းသီးနှံ ရာဘာကို နိုင်ငံတော်မှ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဝယ်ယူပြီး နိုင်ငံပိုင်စက်ရုံများတွင် ကုန်ကြမ်းအဖြစ် အသုံးပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့် က စက်မှုကုန်ကြမ်းသီးနှံ ရာဘာကို နိုင်ငံတော်မှ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဝယ်ယူပြီး နိုင်ငံပိုင်စက်ရုံများတွင် ကုန်ကြမ်းအဖြစ် အသုံးပြုရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဗိုလ်မှူးမျိုးမင်းသန့် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း-၃၃၅၆၅ ဗိုလ်မှူးမျိုးမင်းသန့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့် အကြောင်းအရာကတော့ စက်မှုကုန်ကြမ်းသီးနှံ ရာဘာကို နိုင်ငံတော်မှ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဝယ်ယူပြီး နိုင်ငံပိုင်စက်ရုံများတွင် ကုန်ကြမ်းအဖြစ် အသုံးပြုရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းကို Power Point နဲ့ တင်ပြမေးမြန်းခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ ပါဝင်တဲ့ တနင်္သာရီကမ်းရိုးတန်းဒေသမှာ ရာဘာကို အဓိက စိုက်ပျိုးထုတ်လုပ်ပါတယ်။ ကျွန်တော်တို့ ဘားအံခရိုင်မှာဆိုရင် စိုက်ဧက (၈၁၈၂၇)ဧက၊ အစေးလှီး ဧက(၂၄၈၇၄) နဲ့ တစ်ဧက အထွက်နှုန်း (၇၆၁.၉၉)ပေါင်နှုန်းနဲ့ ရာဘာအထွက် (၁၈၉၅၃၇၇၃)ပေါင်ထွက်ရှိပါတယ်။ ဖာပွန်ခရိုင်မှာဆိုလို့ရှိရင် စိုက်ဧက (၅၈၆၂)ဧက ရှိပြီးတော့ အစေးလှီးဧက(၁၇၅၈)ဧက၊ တစ်ဧကအထွက်နှုန်း (၆၅၂.၈၉)ပေါင်နှုန်းနဲ့ ရာဘာအထွက်ပေါင်ကတော့ (၁၁၄၇၇၈၀)ပေါင် ထွက်ရှိပါတယ်။ ကော့ကရိတ်ခရိုင်မှာ ဆိုလို့ရှိရင် ရာဘာစိုက်ဧက (၁၃၀၀၀၄)ဧက ရှိပြီးတော့ အစေးလှီးဧက (၅၃၃၃၂)ဧက ရှိပါတယ်။ တစ်ဧကအထွက်နှုန်း (၇၈၃.၃၃)ပေါင်နှုန်းနဲ့ ထွက်ရှိပြီးတော့ ရာဘာအထွက် ပေါင်ကတော့ (၄၁၇၇၆၆၉၂)ပေါင် ထွက်ရှိပါတယ်။ မြဝတီခရိုင်မှာဆိုလို့ရှိရင် စိုက်ဧက(၅၄၅၁)ဧက၊ အစေးလှီးဧက(၁၀၉၅)ဧက၊ တစ်ဧကအထွက်နှုန်း (၇၁၄.၂၂) ပေါင်နှုန်းနဲ့ စုစုပေါင်းအထွက်ပေါင်ကတော့ (၇၈၂၀၇၁)ပေါင် ထွက်ရှိပါတယ်။ ကရင်ပြည်နယ်တစ်ခုလုံးအနေဖြင့် စိုက်ပျိုးဧက(၂၂၃၁၄၄)ဧက၊ အစေးလှီးဧက(၈၁၀၅၉)ဧကနဲ့ အထွက်နှုန်း(၇၇၃.၀၂)ပေါင်နှုန်းနဲ့ စုစုပေါင်း ရာဘာအထွက်ကတော့ (၆၂၆၆၀၃၁၄)ပေါင် ထွက်ရှိပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာဆိုလို့ရှိရင် ဘားအံခရိုင်မှာ (၆၃၆၆)ဧက၊ ဖာပွန်ခရိုင်မှာ (၅၃၄)ဧက၊ ကော့ကရိတ်ခရိုင်မှာ (၅၂၀၀) ဧကနဲ့ မြဝတီခရိုင်မှာ (၆၀၀)ဧက၊ ကရင်ပြည်နယ် တစ်ခုလုံးအနေဖြင့် ဧက (၁၃၀၀၀) ထပ်မံစိုက်ပျိုးဖို့ လျာထားထားရှိပါတယ်။ အဲဒါကြောင့်မို့လို့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာဆိုလို့ရှိရင် ရာဘာအထွက်ကဆိုရင် ယခင်နှစ်ကထက်ပိုမိုထွက်ရှိလာမှာ ဖြစ်ပါတယ်။ ပြီးခဲ့သည့်နှစ်များအတွင်းမှာ ရာဘာတစ်ပေါင်နှုန်းဟာ ကျပ်(၁၀၀၀)ကျော်ခန့် ရရှိခဲ့သော်လည်း

ယခုနှစ်မှာ ရာဘာတစ်ပေါင်ဈေးနှုန်းမှာ (၅၄၀)ခန့်သာ ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ ထွက်ရှိတဲ့ရာဘာတွေကို တရုတ်၊ ထိုင်းနဲ့ မလေးရှားနိုင်ငံတွေကို အဓိက တင်ပို့ရောင်းချပါတယ်။

တရုတ်နိုင်ငံဟာဆိုလို့ရှိရင် ၂၀၂၀ ခုနှစ်မှာ ၎င်းတို့ရဲ့ ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်းမှာပဲ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ထို့အတူပဲ အိမ်နီးချင်းနိုင်ငံများကလည်း ၎င်းတို့ရဲ့ ရာဘာလိုအပ်ချက်ကို ပြည်တွင်းမှာပဲ စိုက်ပျိုးထုတ်လုပ်ဖို့ ကြိုးပမ်းနေကြပြီဖြစ်ပါတယ်။ အဲဒီအချိန်မှာဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ရော်ဘာဝယ်လိုအားနဲ့ ရာဘာဈေးနှုန်းဟာ ထပ်မံကျဆင်းလာနိုင်ပါတယ်။ အဲဒါကြောင့် ရာဘာစိုက်ပျိုးတဲ့ တောင်သူများ နစ်နာမှုမရှိစေရေးအတွက် စက်မှုကုန်ကြမ်းသီးနှံ ရာဘာကို နိုင်ငံတော်မှ သင့်တင့်မျှတသော ဈေးနှုန်းဖြင့်ဝယ်ယူပြီး နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှာ ကုန်ကြမ်းအဖြစ် အသုံးပြုရန် အစီအစဉ် ရှိ/မရှိ နဲ့ပတ်သက်ပြီးတော့ တိုင်းရင်းသားစိုက်ပျိုးသူ တောင်သူအကျိုးငှာ သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၀။**

**ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း မေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပါတယ်။ အခုအစည်းအဝေးမှာ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့်ရဲ့ စက်မှုကုန်ကြမ်းသီးနှံရော်ဘာကို နိုင်ငံတော်မှ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဝယ်ယူပြီး နိုင်ငံပိုင်စက်ရုံများတွင် ကုန်ကြမ်းအဖြစ် အသုံးပြုရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် စက်မှုကုန်ကြမ်းသီးနှံရာဘာကို အသုံးပြုပြီးတော့ တာယာနှင့် ရာဘာပစ္စည်းထုတ်လုပ်သော နိုင်ငံပိုင် အမှတ်(၂၁) အကြီးစားစက်ရုံ (သထုံ) နှင့် အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)တို့အပြင် စက်မှုကုန်ကြမ်းသီးနှံ ရာဘာစိုက်ပျိုးထုတ်လုပ်တဲ့ အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန (ကျိုက်ထို) တို့ရှိပါတယ်။

အထက်ပါစက်ရုံ(၂)ရုံအတွက် လိုအပ်သော ကုန်ကြမ်းရာဘာများကို မိမိစက်မှုကုန်ကြမ်းဌာနမှ ရယူအသုံးပြုပြီး ထပ်မံလိုအပ်သည့် ပမာဏကို ပြင်ပပုဂ္ဂလိကများထံမှ နိုင်ငံတော်က သတ်မှတ်ထားတဲ့ တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်ခေါ်ယူပြီး ဝယ်ယူအသုံးပြုလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်အတွင်း အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန (ကျိုက်ထို)မှ မှိုင်းခံရာဘာ(၆၀၅.၇၉)တန်ထွက်ရှိခဲ့ပြီး အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ)သို့ Bias Tyre ထုတ်လုပ်မှုအတွက်လိုအပ်တဲ့ မှိုင်းခံရာဘာ RSS-1၊ RSS-2၊ RSS-3၊ RSS-5 (၃၈၇.၄၀)တန်ကို

လည်းကောင်း၊ ရာဘာပစ္စည်းစက်ရုံခွဲ(ရန်ကုန်)သို့ ပုံသွင်းရာဘာ ထုတ်လုပ်မှု ဆောင်ရွက်ရန် RSS-5 နှင့် အစေးခြောက်(၃၆.၀၅) တန်ကိုလည်းကောင်း၊ အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)သို့ ရေဒီယမ် တာယာထုတ်လုပ်ဆောင်ရွက်ရန် RSS-1 (၂၁.၀၀) တန်ကိုလည်း ရောင်းချပေးခဲ့ပါတယ်။

ထို့အပြင် နိုင်ငံပိုင်စက်ရုံများရဲ့ တာယာနှင့် ရာဘာပစ္စည်းထုတ်လုပ်မှုတွင် အသုံးမပြုသော အခြားရာဘာ (RSS-4၊ အထူ၊ အမြှုပ်၊ ဖြတ်စ) များကိုလည်း ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ (၆၄.၃၈) တန်ရောင်းချပေးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄၊ ဘဏ္ဍာရေးနှစ်အတွင်း အမှတ်(၂၁) အကြီးစားစက်ရုံ (သထုံ) မှ Bias Tyre (၂၉.၀၉၅)လုံး ထုတ်လုပ်ခဲ့ရာ မိမိစက်မှုကုန်ကြမ်းဌာနမှ ဝယ်ယူအသုံးပြုသော မှိုင်းခံ ရာဘာ(၃၈၇.၄) တန်နှင့် လုံလောက်မှုမရှိပါသဖြင့် နိုင်ငံပိုင်မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ မှိုင်းခံရာဘာ(၁၉၆.၂၂)တန်ကို သင့်တင့် မျှတသော စျေးနှုန်းဖြင့် ဝယ်ယူအသုံးပြုခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၁၄ ခုနှစ်၊ ဇွန်လအထိ အမှတ်(၂၇) ကုန်ကြမ်းဌာန (ကျိုက်ထို)မှ မှိုင်းခံရာဘာ (၅၅.၃၁) တန်ထွက်ရှိပြီး အမှတ်(၂၁) အကြီးစားစက်ရုံ (သထုံ)ရဲ့ Bias Tyre နှင့် ရာဘာပစ္စည်းများ ထုတ်လုပ်ရန် မှိုင်းခံရာဘာ (၄၆.၉၂) တန်ကိုရောင်းချပေးခဲ့ပါတယ်။ သို့သော် အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ)ရဲ့ ထုတ်လုပ်မှုများ ဆောင်ရွက်ရန် ရာဘာလုံလောက်မှုမရှိသဖြင့် ပြင်ပမှ မှိုင်းခံရာဘာ (၁၀၅)တန်ကို ဝယ်ယူရန်အတွက် နိုင်ငံပိုင်သတင်းစာများတွင် အိတ်ဖွင့်တင်ဒါ ခေါ်ယူ၍ ဝယ်ယူရေးဆောင်ရွက်လျက် ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူသည့်အခါ ရာဘာထုတ်လုပ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ မေးခွန်းမေးတဲ့ရည်ရွယ်ချက်ကတော့ ရာဘာစိုက်တောင်သူတွေ စျေးနှုန်းကျနေတဲ့ကိစ္စကို နိုင်ငံတော်အနေနဲ့ ဘယ်လိုမျိုး Sustain လုပ်ပြီးတော့ ဖြေရှင်းပေးနိုင်မလဲ မေးတာ။

**ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ကျွန်တော်တို့အနေနဲ့တော့ ကျွန်တော် တို့ ဆောင်ရွက်ပေးနိုင်တာ ကျွန်တော်တို့ကိုယ်တိုင်လည်း ရာဘာစိုက်ပျိုးတဲ့ ရာဘာခြံတွေ ရှိပါတယ်။ အဲဒီ ရာဘာခြံတွေကိုလည်း ကျွန်တော်တို့ သုံးပါတယ်။ သုံးတဲ့အပြင် ကျွန်တော်တို့ စက်ရုံသုံးတာကို ကျွန်တော်တို့ ထုတ်လုပ်တဲ့ရာဘာခြံတွေက ထုတ်လုပ်တာမလောက်ပါဘူး။ မလောက်တဲ့အတွက် ကြောင့် ကျွန်တော်တို့က လိုတဲ့ဟာကို ရာဘာခြံတွေက ပြင်ပပုဂ္ဂလိက က ဝယ်ရပါတယ်။ ဝယ်တဲ့အချိန်မှာတော့ လက်ရှိသတ်မှတ်ထားတဲ့ တင်ဒါစည်းကမ်းချက်တွေအရ ကျွန်တော်တို့ဝယ်ရပါတယ်။ အဲဒီတော့ စျေးနှုန်း နဲ့ ပတ်သက်လာရင်တော့ ကျွန်တော်တို့ စက်ရုံတွေကတော့ လောလောဆယ်စီးပွားရေး တွက်ချေကိုက် အောင်ပဲ Run လုပ်နေရပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိစျေးကွက်စီးပွားရေးစနစ်မှာ ကျွန်တော်တို့က တင်ဒါစည်းကမ်းနဲ့ပဲ လောလောဆယ်ဝယ်ပါတယ်။ အဲဒီတော့ သီးခြား Sustain လုပ်ပြီးဝယ်ဖို့ဆိုတာ လောလောဆယ် အစီအစဉ် မရှိသေးပါဘူး။

**မြန်မာနိုင်ငံအတွင်းရှိ မြို့ /ရွာများတွင် ဂရန်မြေ မပေါက်ဘဲ လူများနေထိုင်နေခြင်းအား တရားဝင် ဂရန်မြေအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး တင်အောင်မိုး က မြန်မာနိုင်ငံအတွင်းရှိ မြို့/ရွာများတွင် ဂရန်မြေ မပေါက်ဘဲ လူများနေထိုင်နေခြင်းအား တရားဝင် ဂရန်မြေအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဗိုလ်မှူးတင်အောင်မိုး (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင် အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၈၆၉၃ ဗိုလ်မှူးတင်အောင်မိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်း လိုတာကတော့ မြန်မာနိုင်ငံအတွင်းရှိ မြို့/ရွာများတွင် လန-၃၉ ဂရန်မြေ မပေါက်ဘဲ လူများ နေထိုင်နေခြင်းအား တရားဝင်လန-၃၉ ဂရန်မြေအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မြန်မာနိုင်ငံအတွင်းရှိ မြို့/ရွာများမှာ ယခင်လယ်ယာမြေ၊ ရွာမြေများမှ ယခု လယ်ယာမြေ(ပုံစံ-၇) စာရင်းတွင်လည်းမပါ မြို့/ရွာများ အဖြစ်လည်း တရားဝင်စာရင်းမပေါက်နိုင်သေးဘဲ လူများနေထိုင်ခြင်းများအား လယ်ယာမြေမှတ်ပုံတင်များ ပြုလုပ်ပေးသကဲ့သို့ စီမံချက်ချ တစ်နိုင်ငံလုံးအနေဖြင့် ပြုလုပ်ပေး မည်ဆိုပါက ပြည်သူများ မိမိတို့ နေထိုင်သည့်မြေပိုင်ဆိုင်မှုအား အာမခံချက် ရရှိသကဲ့သို့ နိုင်ငံတော်အတွက် အခွန်အခများစွာ ရရှိလာမှာ ဖြစ်ပါတယ်။ တရားဝင်စာရင်း ပြုလုပ်ပေးခြင်းမရှိပါက ဝယ်/ရောင်း ပြုလုပ်ခြင်းများ အပါအဝင် ၎င်းမြေများမှ နိုင်ငံတော်အတွက် အခွန်အခများ လုံးဝရရှိခြင်းမရှိ ဖြစ်နေပါကြောင်း၊ အချို့ဒေသများတွင် အောက်ခြေဝန်ထမ်းအဆင့်ဆင့်မှ တရားမဝင်ငွေကြေးများ ရယူ၍ ဆောင်ရွက်နေသည်များလည်း ရှိပါကြောင်း ကြားသိနေရသည့်အတွက် ဝန်ထမ်းများ အကျင့်မပျက်စေရန်အတွက်လည်းကောင်း၊ အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးအားရှေ့ရှု၍ မေးမြန်းရခြင်း ဖြစ်ပါကြောင်း၊ တရားဝင် လန-၃၉ ဂရန်မြေ၊ မြေငှားစာချုပ် ဆောင်ရွက်ပေးခြင်းဖြင့် မြေစာရင်းအမှန် ရရှိ နိုင်မည် ဖြစ်ပါကြောင်း၊ လက်ရှိ မြေပုံ၊ မြေပြင်ကွဲလွဲနေမှုများအား ပြင်ဆင်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ မြေပုံ၊ မြေပြင်စာရင်းများသည် နှစ်ပေါင်းများစွာမှ စာရင်းများ ဖြစ်ပါ၍ များစွာကွာခြားချက်များ ဖြစ်နေပါကြောင်း၊ ယနေ့လူဦးရေနှင့် ယခင်မြေပုံဆွဲခဲ့စဉ် လူဦးရေနှင့် များစွာကွာခြားလျက်ရှိသည်ကို သတိကြီးစွာ ထားဆောင်ရွက်သင့်ပါကြောင်း၊

ဥပမာအားဖြင့် ရန်ကုန်မြို့တော်တွင် ၂၀၀၃ ခုနှစ်ဝန်းကျင်ခန့်မှ မြို့ပြ စီမံကိန်း၊ စီမံချက်များအရဖြင့် ရန်ကုန်မြို့ရှိ ဥပဓိရုပ်မကောင်းသည့် မြေနေရာ၊ ဂရန်မဲ့ မြေနေရာများအား အဆောက်အဦသစ်ဆောက်လုပ်နိုင်ရန်အတွက် အထူးဂရန် မြေငှားစာချုပ်များပြုလုပ်ပေးပြီး အထပ်မြင့်တိုက်များ ဆောက်လုပ်စေခြင်း၊ လမ်းဘေးမြေပိုင်ဆိုင်သူများအား လမ်းမြေပေ(၂၀)ပေး၍ မြေဂရန်များချထားအဆောက်အဦသစ်များ ဆောက်လုပ်စေခြင်းနှင့် အချို့နေရာများတွင် တဲပေါ်မှ တိုက်ပေါ်အရောက်

ဆောင်ရွက်ပေးခြင်းများ ဆောက်ရွက်ခဲ့ပါကြောင်း၊ ယနေ့ နိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လျက်ရှိသော လယ်ယာမြေ သိမ်းဆည်းမှုများနှင့်လည်း မြေပုံ၊ မြေပြင်ကွဲလွဲမှု ပြဿနာများစွာ ပါရှိခဲ့ပါကြောင်း၊ ယနေ့ လူဦးရေ အမှန်စာရင်းများရရှိအောင် ကောက်ယူမှု ဆောင်ရွက်သကဲ့သို့ ယနေ့လယ်ယာမြေ၊ ရွာမြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ တောင်ယာမြေ၊ သစ်တောမြေ၊ မြစ်ချောင်းအင်းအိုင် တောင်များ အပါအဝင် အမှန်စာရင်းများ ရရှိရေးသည် များစွာအရေးပါလှပါကြောင်း၊ ယနေ့ ဖွံ့ဖြိုးလာသည့်နှင့်အမျှ လမ်းတံတားများ တိုးပွားလာသကဲ့သို့ လူဦးရေများလည်း တိုးပွားလာသည်နှင့်အမျှ လူနေမြေများလည်း တိုးပွားလာပါကြောင်း၊ နိုင်ငံနှင့်အဝှမ်း မြေပုံ၊ မြေပြင်ကွဲလွဲမှုများအား သိရှိနိုင်ရန်အတွက် မြေယာမှတ်ပုံတင်ပြုလုပ်ပေးသကဲ့သို့ မြို့/ရွာမြေများအားလည်း မှတ်ပုံတင်များ ပြုလုပ်ဆောင်ရွက်ပေးသင့်ပါကြောင်း။ သို့ဖြစ်ပါ၍ အများပြည်သူအကျိုး၊ တိုင်းပြည်အကျိုးအား လိုလားစွာဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

(က) လက်ရှိလူများနေထိုင်သည့် လန ၃၉ ဂရန်မြေ မရှိ၊ လယ်ယာမြေစာရင်း ပုံစံ ၇ မရှိဖြစ်နေသော လူနေမြေများအား လန ၃၉ ဂရန်မြေ မြေငှားစာချုပ်များ စီမံချက်ချ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ။ မရှိသေးပါက အဘယ်ကြောင့် ဖြစ်ပါသလဲ။ ယနေ့တွင် သစ်တောမြေများမှ လူနေမြေများအား လူနေရွာ လန ၃၉ အဖြစ် ဆောင်ရွက်သည်ကိုလည်း သိရှိရပါတယ်။ ဆောင်ရွက်ပေးမည်ဆိုပါက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်၊ ပုံစံ ၇ ကဲ့သို့ နိုင်ငံနှင့်အဝှမ်း စီမံချက်ချ မည်ကဲ့သို့ ဆောင်ရွက်မည်ကို အများပြည်သူသိရှိစေရန် ကြေညာ၍ အချိန်တိုအတွင်း အပြီးဆောင်ရွက်စေခြင်းဖြင့် ယနေ့အစိုးရအတွက် အခွန် အခများစွာ ရရှိမည်ဖြစ်ပါ၍ မည်သည့်အချိန်တွင် လုပ်နိုင်မည်ကို သိရှိလိုပါကြောင်း အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ လန-၃၉ ဆိုတဲ့ ဥပဒေက ပယ်ဖျက်သွားပြီ၊ အခုအခါ ၃၀၊ ပုဒ်မ ၃၀ ဖြစ်သွားပြီ၊ မေးခွန်းမှာပါတဲ့ အဲဒီ့ စကားလုံးတွေကို ပယ်ဖျက်လိုက်ပါ။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၁။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု တပ်မတော် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုး ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ အမိန့်ကြော်ငြာစာနဲ့ ထုတ်ပြန်သတ်မှတ်ထားတဲ့ မြို့နဲ့ကျေးရွာ နယ်နိမိတ် အတွင်းမှာ စနစ်တကျ အကွက်ရိုက်ဖော်ထုတ်ထားတဲ့ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲ ပိုင်ခွင့်ရှိတဲ့ မြေကို

လူနေထိုင်နဲ့ အဆောက်အအုံဆောက်လုပ်ဖို့အတွက် နောက်စက်မှုလုပ်ငန်းများ လုပ်ကိုင်ဖို့ အောက်မြန်မာနိုင်ငံ မြို့နဲ့ကျေးရွာများ နည်းဥပဒေ ၉ နဲ့ အထက်မြန်မာနိုင်ငံ မြေနဲ့အခွန် နည်းဥပဒေ ၅၁(ခ) တို့အရ နှစ်တိုနှစ်ရှည် မြေငှားဂရန်များ ထုတ်ပေးလျက်ရှိပါတယ်။ အောက် မြန်မာနိုင်ငံ မြို့နဲ့ကျေးရွာများ နည်းဥပဒေ ၄၁ နဲ့ အထက်မြန်မာနိုင်ငံ မြေနဲ့အခွန်ဥပဒေ ၇၉(က)တို့အရ ကျေးရွာအတွင်းမှာ ရှိတဲ့မြေကို ကျေးရွာအုပ်စုအတွင်းမှာ နေထိုင်မှုမရှိသူကို နေထိုင်ရန်အတွက် ခွင့်မပြုရန် ပြဋ္ဌာန်းထားပါတယ်။ မြို့နဲ့ ကျေးရွာနယ်နိမိတ်အတွင်း ကျရောက်မှုမရှိတဲ့ နိုင်ငံတော် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေတွေကို လူနေထိုင်ရန်အတွက် ခွင့်ပြုပေးမယ်ဆိုလိုရှိရင် မလိုလားအပ်တဲ့ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု ပြဿနာများ ဖြစ်ပေါ်နိုင်တဲ့အတွက် မြေငှားဂရန်များ ထုတ်ယူခွင့်မရှိပါဘူး။ လန ၃၉ ဆိုတာ မြေငှားဂရန် မဟုတ်သကဲ့သို့ မြေစာရင်းပုံစံ ၁၀၅ လည်း မြေငှားဂရန် မဟုတ်ပါဘူး။ ပယ်ဖျက်လိုက်ပြီးဖြစ်တဲ့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ မှာ လယ်ယာမြေကို သတ်မှတ်တဲ့ နည်းလမ်းအတိုင်း အသုံးချရန် နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်က ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အဲဒီမြေကို ဆင့်ဆိုခွင့်ပြုချက်မှာ သတ်မှတ်ထားတဲ့ နည်းလမ်းအတိုင်းသာ အသုံးပြုခွင့်ပြုခြင်းကို လန -၃၉ လို့ ခေါ်ဆိုနေခြင်း ဖြစ်ပါတယ်။

လယ်ယာမြေ ပုံစံ ၇ ဆိုတာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၆၊ ၇၊ ၈ တို့အရ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လုပ်ကိုင်ခွင့်ပြုသည့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုတဲ့ လက်မှတ်ဖြစ်ပါတယ်။ မြေငှားဂရန်၊ မြေငှားစာချုပ်ဆိုတာ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေကို စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်ပြီး နှစ်ကာလအပိုင်းအခြားနဲ့ အငှားချထားတဲ့ မြေငှားဂရန်၊ မြေငှားစာချုပ်ဖြစ်ပါတယ်။ သစ်တောမြေအတွင်းမှာ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ကျူးကျော်ဝင်ရောက်နေထိုင်မှုနဲ့ ပတ်သက်လို့ အိမ်ခြေ(၅၀)နဲ့အထက် ရွာစု၊ အိမ်စုများကို ကျေးရွာအသစ်အဖြစ် ဖွဲ့စည်းခွင့်ပြုရေး အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့တဲ့ ကျေးရွာများဟာ ပြည်ထဲရေးဝန်ကြီးဌာန အမည်မပေါက်တဲ့ ကျေးရွာများဖြစ်ပါက ကျေးရွာနယ်နိမိတ် ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်းတို့ကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နဲ့အညီ ကျေးရွာနယ်နိမိတ်ကို တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်ရဲ့ သဘောထားမှတ်ချက်နဲ့ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီးတော့ အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ပြီး မြေငှားဂရန်ထုတ်ပေးခြင်းကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေ ၇၉ မှာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့အလိုက် ကျွမ်းကျင်ပညာရှင်များရေးဆွဲပြုစု၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက အတည်ပြုထားပြီး၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ကြိုတင်ပေးပို့ထားသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက် သို့မဟုတ် မြို့ပြဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များအရ ကျေးလက်ဒေသများ သို့မဟုတ် မြို့ပြဒေသများမှာ တိုးတက်လျက်ရှိတဲ့ လူဦးရေနဲ့ တိုးပွားလာသော အိမ်ထောင်စုများအတွက် အိမ်ရာတည်ဆောက်ရန် လယ်ယာမြေကို အခြားနည်းနဲ့ အသုံးပြုပိုင်ခွင့် ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။

အဲဒီအိမ်ရာတည်ဆောက်ရန် အခြားနည်းနဲ့ အသုံးပြုခွင့်ရရှိပြီးဖြစ်တဲ့ မြေဟာ မြို့ သို့မဟုတ် ကျေးရွာ နယ်နိမိတ်အတွင်းမှာတည်ရှိမှသာ လူနေထိုင်ရန်နဲ့ မြေငှားဂရမ်၊ မြေငှားစာချုပ်များ ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ လယ်ယာမြေကို လူနေအိမ်ရာအပြင် စက်မှုလုပ်ငန်းနဲ့ စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြားနည်း အသုံးပြုခွင့် လျှောက်ထားလို့ ခွင့်ပြုပါက ဒီမြေကို နိုင်ငံတော်ထံက မြေငှားရန်အတွက် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံ မြေငှားဂရန် လျှောက်ထားရယူပြီး နည်းလမ်းတကျ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ မြေငှားဂရန်၊ မြေငှားစာချုပ်တွေဟာ ပိုင်ဆိုင်မှု အတွက် အခိုင်မာဆုံးနဲ့ အဓိက အကျဆုံး အထောက်အထားဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြေငှားဂရန်၊ မြေငှားစာချုပ် ထုတ်ပေးနိုင်ရန် တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေနဲ့အညီ အဆင့်ဆင့်စိစစ် ဆောင်ရွက်ရပါတယ်။ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ် အတွင်းမှာရှိတဲ့ မြေများမှအပ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေများကို ပိုင်ဆိုင်မှု အထောက်အထားများနဲ့ အတူ သက်ဆိုင်ရာခရိုင်နဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှာ အချိန်ကာလသတ်မှတ်ချက် မရှိဘဲ မြေငှားဂရန်နဲ့ မြေငှားစာချုပ်များကို လျှောက်ထားရယူနိုင်ပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃(က)မှာ လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော် လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမံစိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေ ဟု သော်လည်းကောင်း သတ်မှတ်သည့် မြေများကို ဆိုလိုသည်။ ယင်း စကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ် အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနဲ့ ပရဝုဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေး အတွက် အသုံးမပြုသော မြေများမပါဝင်လို့ ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့်မို့လို့ မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းမှာ လူနေအိမ်များ၊ ဘာသာရေး အဆောက်အအုံများနဲ့ ပရဝဏ်များ၊ စိုက်ပျိုးရေးအတွက် အသုံးမပြုတဲ့ မြေများကို အလား(၄)ရပ် ခိုင်မာမှုရှိပြီး၊ အဆောက်အဦများကို အခိုင်အမာ ဆောက်လုပ်ပြီးတော့ နှစ်ကာလကြာရှည်စွာ နေထိုင်ခဲ့ခြင်း မှန်ကန်ပါက မြို့နယ်မြေစာရင်း ဦးစီးဌာနမှာ မြေစာရင်းပုံစံ ၁၀၅ နဲ့ လျှောက်ထားမြေရဲ့ မြေရာဇဝင်ကို ဖော်ပြတဲ့ မြေစာရင်းပုံစံ ၁၀၆ ရေးကူးခွင့်လျှောက်ထားရယူပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်များ လျှောက်ထားနိုင်ပါတယ်။

မြေငှားဂရန် ခွင့်ပြုခြင်းနဲ့ ပတ်သက်လို့ မြေယာဥပဒေ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပြည်သူနဲ့ ဌာနဆိုင်ရာများအကြားမှာ အုပ်ချုပ်မှု အားနည်းချက်များ၊ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေး အတွက် ပြည်သူလူထုရဲ့ အကျိုးစီးပွားကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရန် တိုင်းဒေသကြီး၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ညွှန်ကြား ထားပြီး ဖြစ်ပါတယ်။ မြေငှားဂရန်လျှောက်ထားရာမှာ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များ၊ လိုအပ်တဲ့ အချက်အလက်များ၊ ခန့်မှန်းကြာမြင့်ချိန် ကာလများကို အများပြည်သူသိရှိနိုင်ရေးအတွက် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးများမှာရှိတဲ့ ကြော်ငြာသင်ပုန်းများမှာ ကြော်ငြာထား စေပြီးတော့ မှန်ကန်မြန်ဆန်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ လက်ရှိ အခြေအနေမှာ ဖွံ့ဖြိုးတိုးတက်လာတဲ့ လူဦးရေ အခြေအနေနဲ့အညီ မြို့ပြစီမံကိန်းများ သတ်မှတ် ဆောင်ရွက်ချက်များမှအပ လူအများနေထိုင်လျက်ရှိတဲ့ လန ၃၉ နဲ့ လယ်ယာမြေ ပုံစံ ၇ မရှိတဲ့

လူနေအိမ်များကို မြေငှားဂရန်စာချုပ်များကို စီမံချက်ချ လုပ်ဆောင်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့မေးခွန်း၊ တင်သွင်းတဲ့ အဆိုတွေမှာ Power Point နဲ့ တင်ပြတဲ့ ဓာတ်ပုံ၊ ဇယား၊ စာရွက်စာတမ်း။ ဒါတွေဟာ လွှတ်တော် မှတ်တမ်းတွေမှာ မပါသေးဘူး ဖြစ်နေတယ်။ ဒီက ရှေ့လျှောက် လွှတ်တော်မှတ်တမ်းတွေမှာ ထည့်ပေး နိုင်အောင် ဓာတ်ပုံတွေ ဆိုလို့ရှိရင်လည်း ဓာတ်ပုံရဲ့အောက် ညာဘက်ထောင့်မှာ ရက်စွဲထည့်ပြီး ရိုက်ပါ။ စာရွက်စာတမ်း၊ စာရင်းဇယားဆိုလို့ရှိရင်လည်း စာရွက်စာတမ်း၊ စာရင်းဇယားရဲ့ ညာဘက် အထက်ထောင့်မှာ ရက်စွဲကို အထင်အရှားထည့်ပေးဖို့ ပြောလိုပါတယ်။ လွှတ်တော်ရုံးက အခု ဒသမ အကြိမ်ရဲ့ ဥစ္စာတွေ အကုန်လုံးကို ပြန်လုပ်ပြီးတော့ မှတ်တမ်းထဲမှာ ရောင်စုံဓာတ်ပုံနဲ့ ထည့်ပေးဖို့ ညွှန်ကြားပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၂၊

၁၂။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ အခန်း(၁၁)၏ နောက်၌ အခန်း(၁၂) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

အခန်း ၁၂

တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၅။ ဝန်ကြီးဌာနသည် -

(က) မိမိလက်အောက်ခံဌာန သို့မဟုတ် လုပ်ငန်းတစ်ခုခုမှ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ် တစ်ဦးကို ဦးဆောင်စေပြီး ပုလဲဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်သူများ ပါဝင်စေလျက် အဖွဲ့ဝင် အနည်းဆုံး (၇)ဦး မှ အများဆုံး (၁၁) ဦးဖြင့် တန်ဖိုးဖြတ်အဖွဲ့ကို ဖွဲ့စည်း ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၅

မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပုဒ်မ ၂၅ တွင်ပါရှိသော ငွေဒဏ်ကျပ် ၃၀၀,၀၀၀ ဆိုသည့် စကားရပ်ကို ငွေဒဏ် ကျပ်သိန်းငါးဆယ် ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ၂၉ အဖြစ် ပြန်လည်အမှတ်စဥ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၆

မြန်မာ့ပုလဲလုပ်ငန်းဥပဒေတွင် ပုဒ်မ ၂၆ ကို ပုဒ်မ ၃၀ အဖြစ် အမှတ်စဥ်ပြောင်းလဲ၍ အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၇

မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂၇ တွင်ပါရှိသော ငွေဒဏ်ကျပ် ၁၀၀,၀၀၀ ဆိုသည့် စကားရပ်ကို ငွေဒဏ်ကျပ် သိန်းနှစ်ဆယ် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၁ အဖြစ် ပြန်လည်အမှတ်စဥ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၈

မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ ပုဒ်မ ၂၈ တွင် ပါရှိသော ငွေဒဏ်ကျပ် ၅၀၀,၀၀၀ ဆိုသည့် စကားရပ်ကို ငွေဒဏ် ကျပ်သိန်းငါးဆယ် ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၂ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၉

မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ ပုဒ်မ ၂၉ တွင် ပါရှိသော ငွေဒဏ်ကျပ် ၁၀၀,၀၀၀ ဆိုသည့် စကားရပ်ကို ငွေဒဏ် ကျပ်သိန်းနှစ်ဆယ် ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၃ အဖြစ် ပြန်လည် အမှတ်စဉ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၀

မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပုဒ်မ ၃၀ တွင်ပါရှိသော မည်သည့် ပြည်သူ့ဝန်ထမ်းမဆို ဆိုသည့် စကားရပ်ကို မည်သူမဆို ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၄ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၂၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၁

မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ ပုဒ်မ ၃၁ တွင် ပါရှိသော ငွေဒဏ်ကျပ် ၁၀,၀၀၀ ဆိုသည့် စကားရပ်ကို ငွေဒဏ် ကျပ်တစ်ဆယ်သိန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၅ အဖြစ် ပြန်လည်အမှတ်စဥ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၂

မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ၏ ပုဒ်မ ၃၃၊ ၃၄၊ ၃၅၊ ၃၆ နှင့် ၃၇ တို့ကို ပုဒ်မ ၃၆၊ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၀ တို့အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၂၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၃

မြန်မာ့ပုလဲလုပ်ငန်း ဥပဒေတွင် ပုဒ်မ ၃၈ ကို ပုဒ်မ ၄၁ အဖြစ် အမှတ်စဉ်ပြောင်းလဲ၍ အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၂၃ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

အပိုဒ် ၁၄ ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့် ဥပဒေကြမ်းအမည်၊ အပိုဒ် ၂၊ အပိုဒ် ၄၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂၊ ပုဒ်မ ၂၅(ခ)၊ ၂၆(ဂ)၊ ၂၇ နှင့် အမှတ်စဉ်ပြောင်းလဲထားသည့် အပိုဒ် ၁၆၊ ပုဒ်မ ၃၀၊ အပိုဒ် ၂၃၊ ပုဒ်မ ၄၁(က)(ခ) တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုထားရှိချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေ

ကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက် -

လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(ခ)

၂။ (ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မ ၆ တို့၌ ပါရှိသော ပြည်နယ်နှင့်တိုင်း ဆိုသည့်စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃

၃။ လမ်းမကြီးများ ဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၇။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါ ပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် -

(က) လမ်းမကြီးကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန့်တူးဖော်ခြင်း သို့မဟုတ် မြေတူးယူခြင်း၊

၇-က။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၇-ခ။ မည်သူမဆို ပုဒ်မ ၇-က ပါ ပြစ်မှုကို ထပ်မံကျူးလွန်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ချမှတ် ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄

၄။ လမ်းမကြီးများ ဥပဒေတွင် -

(က) ပုဒ်မ ၈ ၌ ပါရှိသော ငွေဒဏ်ဖြစ်စေဆိုသည့် စကားရပ်၏ ရှေ့တွင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) လမ်းမကြီးနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ခွင့်ပြုချက်မရှိဘဲ လမ်းဘေးစားသောက်ဆိုင်များ၊ ဈေးဆိုင်များဆောက်လုပ်တည်ခင်းရောင်းချခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅

၅။ လမ်းမကြီးများ ဥပဒေတွင် -

(က) ပုဒ်မ ၉ ၌ ပါရှိသော ထောင်ဒဏ် ၃ လ အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေဆိုသည့် စကားရပ်ကို သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ် တစ်သိန်းအထိ ငွေဒဏ် ဖြစ်စေဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆

၆။ လမ်းမကြီး ဥပဒေ ပုဒ်မ ၉ ၏ အောက်တွင် ပုဒ်မ ၉ - က နှင့် ပုဒ်မ ၉ - ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၉-က။ ပြစ်မှုကျူးလွန်သူသည် မိမိ၏ ကျူး လွန်မှုကြောင့် လမ်းမကြီးတွင် ထိခိုက်ပျက်စီး ဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက် ပျက်စီးဆုံးရှုံးသည့် တန်ဖိုး အတွက် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း တွက်ချက်ထားသော နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ဝန်ကြီးဌာနသို့ ပေးလျော်ရမည်။

၉-ခ။ ဝန်ကြီးဌာနသည် ပုဒ်မ ၉-က အရ ပြစ်မှုကျူးလွန်သူက နစ်နာကြေး သို့မဟုတ် လျော်ကြေးကိုပေးဆောင်ရန် ပျက်ကွက်လျှင် ဝင်ငွေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရ ကောက်ခံရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ) ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ) ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းနှင့်ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် က ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသောရန်ပုံငွေကို မျှတညီညွတ်စွာရရှိနိုင်ရေး ပြန်လည်စီမံ ဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးဖိုးဇော် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါးချမ်းမြေ့ပါစေလို့ ဂါရဝရှေ့ထား နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူများရဲ့ မျှတညီညွတ်စွာရရှိနိုင်ရေးကို ရှေ့ရှုပြီးတော့မှ ဒီကနေ့တင်သွင်းမယ့် အဆိုကတော့ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင် စီမံကိန်း၌ တိုင်းနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး

ပြန်လည်စီမံ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်း သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကိုတင်သွင်းရခြင်းရဲ့ အဓိကအကြောင်းကတော့ ၂၆-၆-၂၀၁၄ ရက်နေ့ ကျေးလက်ဒေသနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး အပါအဝင် ကော်မတီဝင်များ ဦးဆောင်ကျင်းပတဲ့ ကော်မတီ အစည်း အဝေးမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနဲ့ စိုက်ပျိုးရေး ညွှန်ကြားရေးမှူးချုပ် အပါအဝင် ကော်မတီနဲ့ ကျွန်တော်တို့ ဆွေးနွေးမှု အစည်းအဝေးလုပ်ခဲ့ပါတယ်။ အစည်းအဝေး လုပ်တဲ့ နေရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒုတိယဝန်ကြီးကိုယ်တိုင် ဦးဆောင်ပြီးတော့မှ မြစိမ်းရောင်စီမံကိန်းကို ကျွန်တော်တို့ ကိုယ်စားလှယ်များ၊ ကော်မတီများကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များကလည်း ပြန်လည်ဆွေးနွေးပြီးတော့မှ တိုင်းဒေသနဲ့ ပြည်နယ်များမှာ ရန်ပုံငွေချထားမှုသည် မျှတညီညွတ်မှု အားနည်းနေတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ပြန်လည်ပြင်ဆင် ပေးဖို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒီအဆိုနဲ့ပတ်သက်လို့လည်း ဒါတင်သွင်းရခြင်းကလည်း ကော်မတီ အနေနဲ့ရော ကျွန်တော် ဒါ လက်ရှိဒေသတွေမှာ ဖြစ်ပျက်နေတဲ့ အခြေအနေပေါ်မှာ မူတည်ပြီးတော့မှ ပြည်သူများရဲ့ အခြေအနေကို ကျွန်တော် အရိုးစွဲ တင်ပြတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို သာဓကလေးတစ်ခု တင်ပြခွင့်ပေးပါ။ ကျွန်တော် တရားလေး တစ်ခု နာဖူးပါတယ်။ နာတဲ့နေရာမှာ ဒေါက်တာ ရှင်ဉာဏ္ဍိဿရ သပိတ်အိုင် ဆရာတော်ဘုရားကြီး ဟောကြားတဲ့ တရားတော်ထဲမှာ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးထဲမှာ ကျွန်တော်တို့ ကျမ်းပြုအကျော် အရှင်စန္ဒာကာဘိဝံသ ဆရာတော်ဘုရားကြီး ပူဇော်ပွဲအခမ်းအနားမှာ ဆရာတော်ကြီးက နိဒါန်း ဩဝါဒ တရား ကျွန်တော်မှတ်သား၊ ဒါကတော့ ဆရာတော်ဘုရားကြီးဘုရား ဆရာတော်ဘုရားကြီးရဲ့ ကြီးမားလှတဲ့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးအတွင်းမှာ၊ ဆရာတော်ဘုရားကြီးရဲ့ ရှေ့မှောက်မှာ ဟောပြောရတဲ့ တရားဟာ တပည့်တော်အနေနဲ့ အင်မတန် စိုးရွံ့လှပါတယ်။ တပည့်တော်ရဲ့ ဟောကြားရတဲ့တရားဟာ တရုတ်ပြည်မှာ အပ်သွားရောင်းသကဲ့သို့ ဖြစ်နေပါတယ်။ သို့သော်ငြားလည်း တပည့်တော်က ဆရာတော် ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ် ပူဇော်သောအားဖြင့်လည်းကောင်း ပစ္စယနုဂ္ဂဟဖြစ်တဲ့ တရားနာပရိတ်သတ်ကို ချီးမြှောက်သောအားဖြင့်လည်းကောင်း တပည့်တော် အစွမ်းရှိသလောက် ဟောပြပါ့မယ် ဆိုပြီးတော့ နိဒါန်းစကားလေးကို ကျွန်တော် မှတ်သားမိပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော် ဒီအဆိုကို ကော်မတီအစည်းအဝေး ပြီးတဲ့အချိန်မှာ အခြေအနေအရပ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ်များရော အောက်ခြေမှာ ကျွန်တော်တို့ ဆွေးနွေးတဲ့ အခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များကနေပြီးတော့ စီမံခန့်ခွဲတဲ့အပိုင်းဟာ ပြီးသွားပြီလို့ ကျွန်တော် ဒီလိုပဲသိရတယ်။

ဒါကြောင့်မို့ ဆရာတော်ဘုရားကြီးရဲ့တရားနဲ့ ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့က ကျွန်တော့် အဆိုဟာ နောက်ကျနေလား၊ နောက်ကျနေသလားလို့ ပြန်ကြည့်မယ်ဆိုရင်လည်း ၂၆ ရက်နေ့မှ ကျွန်တော်တို့ ကော်မတီကို တင်ပြတယ်။ ဒီနေ့ ၇ ရက်နေ့မှာ အဆိုတင်တယ်။ ပြီးသွားပြီဆိုတော့ ကျွန်တော်တို့ ကိုယ်စားလှယ်များရဲ့ ချပြတဲ့ ဒီတစ်နေ့ လုပ်ငန်းစဉ်တွေဟာ သိရအောင် ချပြတာလား။ သို့မဟုတ် ကျွန်တော် ဆွေးနွေးခွင့်ရအောင်လား၊ မျှတညီညွတ်မှုရအောင်လား၊ ပြည်သူတွေကို ပြန်ပြီး

တော့ ရှင်းလင်းပြနိုင်အောင်ဆိုတာ ကျွန်တော်တို့ ဝေခွဲလို့မရဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် အဆိုဟာ ခုနက ဆရာတော်ဘုရားကြီး အမိန့်ရှိသလိုပဲ နိုင်ငံတော်အစိုးရရဲ့ တကယ်လုပ်ပေးနေတဲ့ စေတနာအမှန်တွေလည်း ပြည်သူတွေ သိစေချင်တယ်။ ပြည်သူတွေလည်း မျှမျှတတ ရစေချင်တယ်။ တကယ်လို့များ ဒီအဆိုနဲ့ ပတ်သက်လို့ မျှတအောင် ပြန်လည်ပြင်ဆင်ပေးနိုင်အောင် အချိန်မီတယ်ဆိုရင် လည်း ညီညွတ်မျှတအောင် ကျွန်တော်တို့ ပြန်လည်စီစဥ်ပေးနိုင်ဖို့ ဆိုပြီးတော့ စေတနာရှေ့ထားပြီးတော့ ကျွန်တော် တင်ပြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးစကာလကတည်းက ဖဆပလ၊ ပါလီမန်ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး(န.ဝ.တ)ခေတ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(န.ယ.က)ခေတ် ခေတ်စနစ်တွေကိုဖြတ်သန်းလာခဲ့ပြီးတော့မှ နိုင်ငံတော်ဦးဆောင်လာခဲ့တဲ့ နိုင်ငံ့ အကြီးအကဲများ၊ အစိုးရအဖွဲ့များကလည်း နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အချိန်နဲ့တစ်ပြေးညီ ခေတ်နဲ့ လျော်ညီစွာ ဆောင်ရွက်ခဲ့တာဟာ အားလုံးသိပါတယ်။ ဆောင်ရွက်ခဲ့လို့လဲ ဒီနေ့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ၁၉၇၄ ခုနှစ်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြန်လည်ရေးဆွဲပြီးတော့မှ ဆောင်ရွက်လာခဲ့တယ်။ နိုင်ငံတော်ကို တိုးတက်အောင်လုပ်ခဲ့ တယ်။ သို့သော်လည်း ဒါတွေ အလုံးစုံအောင်မြင်ဖို့ဆိုတာကတော့ ချက်ချင်းမဖြစ်နိုင်ပါဘူး။ သို့သော် လည်း ၁၉၉၄ ခုနှစ်က အခြေခံဥပဒေကို ခေတ်နဲ့လျော်ညီစွာ နိုင်ငံတကာရဲ့ အခြေအနေကို သုံးသပ်ပြီး တော့မှ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲပြီးတော့မှ အစိုးရသစ်တစ်ရပ်ပေါ်လာပြီး တော့မှ လွှတ်တော်ကြီးရယ်၊ အစိုးရရယ်၊ တရားရေးမဏ္ဍိုင်ရယ် ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာ အာဏာ(၃)ရပ်ကို ခွဲဝေပြီးတော့မှ ဥပဒေပြုတာဝန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော် ဥက္ကဋ္ဌကြီးများ ဦးဆောင်ပြီးတော့မှ နိုင်ငံတော်ရဲ့လိုအပ်ချက်ဖြစ်တဲ့ မေးခွန်းတွေ၊ အဆိုတွေ၊ လိုအပ်တဲ့ ဥပဒေတွေကို ကျွန်တော်တို့ ပြန်လည် ပြင်ဆင်ပြီးတော့မှ နိုင်ငံတော်နဲ့နိုင်ငံသားတွေအတွက် ကျွန်တော်တို့ ဒီနေ့ ဆောင်ရွက်နေတဲ့တာဝန်ကို ဆောင်ရွက်နေတာဖြစ်ပါတယ်။

အုပ်ချုပ်ရေးတာဝန်တစ်ရပ်ယူတဲ့ နိုင်ငံတော်အစိုးရကလည်း ပြည်သူ့အသံ၊ လွှတ်တော်အသံ။ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ။ ကျွန်တော်တို့ ပြည်သူတွေရဲ့အသံ လွှတ်တော်ထဲရောက်လာတဲ့အခါမှာ နိုင်ငံတော်အစိုးရ ဆောင်ရွက်ပေးနိုင်တဲ့ လုပ်ငန်းတွေကိုလည်း ပေါင်းကူးပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ပေးရတဲ့အပိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ခု လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူတွေ ရွေးချယ်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်တာနဲ့အညီ ပြည်သူတွေရဲ့အကျိုးကို ကြည့်ရသလို နိုင်ငံတော်ရဲ့ အကျိုးကိုလည်း ဆောင်ရွက်ရမှာ ကျွန်တော်တို့ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တို့ကိုယ်စားလှယ်များဟာ သိသင့်သိထိုက်တဲ့ လုပ်ငန်းတွေနဲ့ပတ်သက်လို့ သိထားဖို့လိုတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ပြည်သူတွေကို ချပြတဲ့နေရာမှာ နိုင်ငံတော်က ဒါတွေ လုပ်နေပြီ ပြည်သူတွေကဒါတွေ လုပ်ဖို့လိုတယ် ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေအနေက ဒါတွေရှိတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအရပ်ရပ်ကို သိထားဖို့လိုတယ်လို့ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခြေအနေအရပ်ရပ်ကို လေ့လာကြည့်တဲ့အခါမှာလည်း ကျွန်တော်တို့နိုင်ငံတော်မှာ

ဒီကနေ့တိုးတက်နေတယ်။ ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဥ်ဆိုတာဟာ ဒီအစိုးရလက်ထက်မှာ ပေါ်တာပါ။ ဒီအစိုးရသစ်လက်ထက်မှာ စီမံ ဆောင်ရွက်ပြီးတော့မှ နိုင်ငံတော်သမ္မတကြီး ဦးဆောင်ပြီးတော့မှ ကျေးလက်နေပြည်သူများရဲ့ အကျိုး စီးပွား ကျေးလက်နေပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချစေချင်တဲ့ အဓိကရည်ရွယ်ချက် နိုင်ငံတော်ရဲ့ စေတနာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတော်မှာ ရှိတဲ့လူဦးရေ သန်း(၆၀)မှာ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်နေပြည်သူများ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများရဲ့ (၃၀)ရာခိုင်နှုန်းဟာ တောင်သူ လယ်သမားများ ဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ဘဝကို ပြည်ကြည့်မယ်ဆိုလည်း ခေတ်အဆက် ဆက်က ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင် ပိုလိုကိုးချေးငွေဆိုပြီးတော့မှရှိခဲ့တယ်။ အမတော်ကြေးငွေ၊ နိုင်ငံတော်က သတ်မှတ်စပါးဝယ်ယူတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ စိုက်ပျိုး စရိတ်ချေးငွေ ဆိုပြီးတော့မှ အဆင့်ဆင့် တောင်သူတွေရဲ့ဘဝကို မြှင့်တင်ပေးခဲ့တယ်။ ခုချိန်မှာ ကျွန်တော်တို့ ကျပ် (၁၀၀၀၀) ကနေပြီးတော့မှ တစ်ဧကကို (၁၀၀၀၀၀) ထိ ကျွန်တော်တို့ နှစ်ချင်းဆပ်စနစ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးတာ တော်တော်လေးကို ထိရောက် ပါတယ်။ သို့သော်လည်း တောင်သူတွေရဲ့ အဓိက လိုအပ်ချက်က နှစ်ရှည်ချေးငွေစနစ်ကို (၃)နှစ်ဆပ် စနစ်နဲ့ ကျင့်သုံးပေးလိုက်မယ်ဆို တောင်သူလယ်သမားများဘဝဟာ ပြီးပြည့်စုံလောက်မယ်လို့ ကျွန်တော် မြင်မိပါတယ်။ ဒါ ကျေးလက်ဒေသနဲ့ ပတ်သက်လို့၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ပတ်သက်လို့ အချက် တစ်ချက်လို့ ကျွန်တော်ထည့်သွင်း ပြီးတော့ ဥက္ကဋ္ဌကြီး ဆွေးနွေးပါတယ်။

ကျွန်တော်တို့ဆိုလိုချင်တာက ကနေ့ မြစိမ်းရောင်စီမံကိန်း ဆိုတာကလည်း ဒါ အရင်းမပျောက် မတည်ငွေ နိုင်ငံတော်ကိုပြန်လည် ပေးဆပ်ဖို့ မလိုပါဘူး။ အဲဒီတော့ပြောမယ်ဆို ပိုင်းလော့စီမံကိန်း လို့ ဆိုရမယ်ဆိုရင် choice လုပ်ပြီးတော့ ရွေးချယ်တဲ့စနစ် ဆိုရင်တော့ ဒါ အဓိပ္ပါယ်တစ်မျိုး ဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် ယနေ့ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဥ်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး လက်ရှိ ကျွန်တော်တို့ နိုင်ငံတော်မှာ အဓိကလိုအပ်နေတဲ့ ကျေးလက်ဒေသ မီးလင်းရေးကို တစိုက်မတ်မတ် ကျွန်တော်တို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဆောင်ရွက်နေတဲ့အခါမှာ ကျေးလက်နေပြည်သူများဟာ မိမိတို့ရဲ့ကိုယ်ထူကိုယ်ထ စနစ်ဆောင်ရွက်တဲ့ နေရာမှာ နိုင်ငံတော်က နည်းပညာခွင့်ပြုမိန့် တစ်ခုပေးပြီးတော့မှ ကျေးလက်နေပြည်သူများဟာ မိမိတို့ ဘဝရဲ့ အလင်းရောင်ရရှိဖို့ကို မိမိတို့ကိုယ်ပိုင်ငွေကြေးတွေနဲ့ ထုတ်လုပ်သုံးစွဲပြီးတော့မှ ဒီနေ့ ဆောင်ရွက် နေတာ ဖြစ်ပါတယ်။

ဥပမာတစ်ခု ပြောမယ်ဆိုရင် ကျွန်တော်တို့ သနပ်ပင်မြို့နယ်မှာ ရွာ (၅)ရွာ မီးလင်းရေးကို ဆောင်ရွက်နေပါတယ်။ ကမာဆယ်ကျေးရွာ၊ ဖရဲကျေးရွာ၊ တာပိုက်တံခါးကျေးရွာ၊ ကလိုင်ကျေးရွာ ဆောင်ရွက်နေတဲ့အခါမှာ ကျွန်တော်တို့ ကမာဆယ်ကျေးရွာကတော့ ဒါ ချေးငွေစနစ်နဲ့ ဆောင်ရွက်နေတာ (၇၅) ရာခိုင်နှုန်းလောက် ပြီးပါပြီ။ နောက်ထပ် ကျွန်တော် ဆောင်ရွက်တဲ့နေရာမှာ ကျေးလက်နေ ပြည်သူများ အမြန်ဆုံးအကောင်အထည်ဖော်တဲ့နေရာမှာ ဘာအခက်အခဲ သွားတွေ့လဲဆိုတော့ ကျွန်တော် နိုင်ငံတော်ကို ချေးငွေ ချေးတဲ့နေရာမှာ လယ်ယာမြေ ပိုင်ဆိုင်မှု အပေါင်တင်တဲ့နေရာမှာ ပုံစံ(၇) တင်ပြ ပိုင်ဆိုင်မှု ပေးရတာ ဖြစ်ပါတယ်။ ကျပ်သိန်း(၁၀၀) ချေးမယ်ဆိုလို့ရှိရင် သိန်း(၃၀၀)တန်တဲ့အပေါင်ကို

ကျွန်တော်တို့ ပေးရတာ ဖြစ်ပါတယ်။ လယ်ယာမြေ သို့မဟုတ် ပိုင်ဆိုင်မှု အိုးအိမ်တွေပေးရတယ်။ သို့သော် အဲဒီနေရာမှာ ဘာဖြစ်လဲဆိုတော့ ကျေးလက်နေပြည်သူများဟာ ကျေးလက်ဘဏ်မှာ ကျွန်တော်တို့ ငွေချေးတဲ့အခါမှာ ပုံစံ(၇)တွေ အပ်နှံရတဲ့အခါကျတော့ အခက်အခဲလေးတွေ ရှိပါတယ်။

နောက်ဆုံးပြောမယ်ဆိုရင်တော့ ဒါတွေဟာ ကျေးလက်ပြည်သူလူထုက မိမိတို့အားစိုက်ထုတ်ပြီး လုပ်တဲ့နေရာမှာ၊ ဒီလိုအခက်အခဲလေးတွေ ရှိတဲ့နေရာမှာ အခုလို မြစိမ်းရောင် စီမံကိန်းကဲ့သို့ အရင်းမပျောက် မတည်ငွေလေးတွေ ရရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့အခက်အခဲလေးတွေကို ကျော်လွှားဖြေရှင်းနိုင်မယ် နိုင်ငံတော်ရဲ့ စေတနာအမှန်ကိုလည်း သိမှာ ဖြစ်ပါတယ်။ အဲဒီတော့ အရာရာမှာ တန်ဖိုးအရှိဆုံးအရာက ဘာလဲလို့ပြောမယ်ဆိုရင် မိမိတို့ရဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ ရေငတ်နေတဲ့ လူတစ်ယောက်ကို ရေတစ်ခွက် တိုက်လိုက်ခြင်းအားဖြင့် ကျေးဇူးမမေ့နိုင်ပါဘူး။ ရေငတ်နေတဲ့ လူတစ်ယောက်ကို ကျွန်တော်တို့ ကားတွေသွားပေးလိုက်၊ ရွှေတွေသွားပေးလိုက်ဆိုလည်း မဖြစ်နိုင်ပါဘူး။ ရောဂါရှိတဲ့ ဝေဒနာရှင်တစ်ယောက်ကို ဆရာဝန်ဆေးကုမှသာ ကျေးဇူးရှင် ရောဂါပျောက်မှာ ဖြစ်ပါတယ်။ အစားသွားကျွေးလို့လည်း မဖြစ်နိုင်ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျေးလက်ပြည်သူများရဲ့ အခြေအနေဟာ အမှန်တကယ် လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးလိုက်မယ်ဆိုရင် နိုင်ငံတော်ရဲ့ စေတနာလည်း ကျေးလက်နေပြည်သူ ခေါင်းစဉ်မှာဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုတဲ့ အနှစ်သာရလည်း ပေါ်လွင်လာမှာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျေးလက်နေပြည်သူလူထုနဲ့ မြစိမ်းရောင်စီမံကိန်း အခြေအနေ စိစစ်ရွေးချယ်တဲ့အပိုင်းမှာ ကျွန်တော်တွေ့ရှိပါတယ်။ (၁) ကဆင်းရဲတဲ့ကျေးရွာ စိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော်နိုင်မှု၊ တရားဥပဒေစိုးမိုးမှု၊ ကျေးရွာပြည်သူများရဲ့ စိတ်အားထက်သန်မှု၊ ပညာရည်မြင့်မားမှု လိုအပ်မှု၊ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်နိုင်မှုဆိုတဲ့ ဒီလိုအချက်နဲ့သွားတာ ဖြစ်ပါတယ်။ နောက်ကျွန်တော် ဥပမာတစ်ခုထပ်ပြောမယ် ပညာရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့သနပ်ပင်မှာ ကျုံပျော်ကျေးရွာဆိုတာ ဒါ အထကခွဲတစ်ခုကို ကျွန်တော်ရရှိနိုင်ရေးနဲ့ပတ်သက်လို့ အထကကျဖို့ ကျွန်တော်တို့ပြင်ဆင်တဲ့နေရာမှာ ပေ(၉၀)၊ (၃၀)ပေ၊ (၁၂၀)၊ (၃၀) ကျောင်းဆောင်ကြီးတွေ ကိုယ်ထူကိုယ်ထ ကျွန်တော်တို့ ကူဆောင်ရွက်ခဲ့လိုက်ပါတယ်။ အဲဒီဆောင်ရွက်လိုက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ပိုင်ဆိုင်မှုတွေ ကျောင်းအဆောက်အဦဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်က ကနေ့ အ.ထ.ကကျောင်းတစ်ကျောင်း ဆောက်ပေးတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ ကြမ်းခင်းတွေ မလုံလောက်ဘူး။ ဒီလိုအခက်အခဲတွေ ရှိပါတယ်။

ကိုယ်ထူကိုယ်ထ ဆိုတာနဲ့ပတ်သက်ပြီး၊ အဲဒီတော့ ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင် ရွေးချယ်သတ်မှတ်မှုအပိုင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ဗဟိုကော်မတီဖွဲ့စည်းမှုအပိုင်းနဲ့ ပတ်သက်လို့ ဗဟိုကော်မတီရှိတယ်။ ဗဟိုအကောင်အထည်ဖော်မှု ကော်မတီရှိတယ်။ တိုင်းနဲ့ပြည်နယ်အလိုက် လုပ်ငန်းကော်မတီရှိတယ်။ ခရိုင်အလိုက်၊ မြို့နယ်အလိုက်၊ ရပ်/ကျေးအသီးသီး ကျွန်တော်တို့ ရှိပါတယ်။ နိုင်ငံတော်ကနေ ကျွန်တော်တို့ ဗဟိုချုပ်ကိုင်မှု လျှော့ချမယ်ဆိုတဲ့ အပိုင်းနဲ့ပတ်သက်လို့ လျှော့ချတာပဲ ဖြစ်စေချင်တယ်။ ကျွန်တော် ကျောခိုင်းတာ မဖြစ်စေချင်ပါဘူး။ တိုင်းနဲ့ပြည်နယ်ကတော့ အစိုးရအဖွဲ့တွေ လုပ်ပြီးသွားပြီ။ ဗဟိုကတော့ ဒါကိုတော့ဗျာ အတည်ပြုပြီးပြီ။ နောက် ကျွန်တော်တို့ အစီအစဉ်ကျမှ

ဆိုတဲ့အပိုင်းကလည်း ဗဟိုချုပ်ကိုင်မှု လျှော့ချတာ မဖြစ်ဘဲနဲ့ ကျောခိုင်းသလို ဖြစ်သွားတယ်။ လျှော့ချတာကြီးပဲ ဖြစ်စေချင်ပါတယ်။ ပြန်လည် စိစစ်သင့်ပါတယ်။ ဒါလေးလည်း ကျွန်တော် ဥက္ကဋ္ဌကြီးကို မေတ္တာရပ်ခံချင်ပါတယ်။

ဥပမာ တစ်ခု ပြန်ကြည့်မယ်ဆိုရင် ဒါ ပဲခူးတိုင်း (၂၈) မြို့နယ်ရှိတယ်။ ကျွန်တော်တို့ ရတဲ့ရွာ (၁၁၅)ရွာ၊ ကျွန်တော်တို့ (၂)ခရိုင် ဖြစ်ပါတယ်။ (၁) ခရိုင်ကတော့ သာယာဝတီမှာဆို အုတ်ဖို၊ နတ္တလင်း၊ ဇီးကုန်းပါ။ ဇီးကုန်းမှာ (၃၈)ရွာ၊ နတ္တလင်းမှာ (၃၈)ရွာ၊ အုတ်ဖိုမှာ (၃၉)ရွာ၊ နောက်တစ်ခရိုင် ကတော့ ဒိုက်ဦးပနုတ် လို့ပြောတယ်။ ခရိုင်အားဖြင့်တော့ (၂)ခရိုင်ဖြစ်နေတယ်။ သို့သော် တစ်ခရိုင်တည်းက ရတာ တစ်ရွာဖြစ်နေတယ်။ ကျန်တဲ့ (၁၁၅)ရွာက သာတူတစ်ခရိုင်တည်း သွားဖြစ်တယ်။ အဲဒီလိုမျိုး ကျွန်တော်တို့ အတူတူ ပြန်ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မြို့နယ်တွေမှာ အခြား (၂၈)မြို့နယ်မှာ (၄) မြို့နယ်ဖြုတ်တော့ (၂၄)မြို့နယ်ဟာ ဒီကနေ့ စိစစ်ရွေးချယ်မှု သတ်မှတ်ချက်နဲ့ ကျွန်တော်တို့မကိုက်ညီဘူးလား။ မလိုအပ်ဘူးလား။ ဒါလေးလည်း ကျွန်တော်တို့ ပြန်ကြည့်စေချင်ပါတယ်။

ဥပမာတစ်ခု ပြန်ကြည့်မယ်ဆိုရင် အနီးကပ်ဆုံး မွန်ပြည်နယ် ကြည့်မယ်ဆိုရင် (၂)ခရိုင်ရှိတယ်။ (၁၀)မြို့နယ် ရှိတယ်။ (၂၁)ရွာ ပေးထားတယ်။ ပြန်ကြည့် မယ်ဆိုရင် မျှတတယ်လို့ သွားတွေ့ရတယ်။ စစ်ကိုင်းတိုင်း ပြန်ကြည့်ပြန်တော့လည်း ကျွန်တော်တို့ ဒါ (၂) ခရိုင်၊ (၃)မြို့နယ်နဲ့ (၁၁၁)ရွာ ပေးထားတာ တွေ့ရပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ပြန်ပြီးလေ့လာတဲ့ အခါကျတော့ ဒါတွေပြန်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း စီမံခန့်ခွဲမှုအပိုင်း ကလည်း ကျွန်တော်တို့ မသိရဘူး။ ကျွန်တော်တို့ သိဖို့လိုတယ်လို့ပဲ ကျွန်တော်တို့ စီမံခန့်ခွဲမှုအပိုင်းမှာ စွက်ဖက်ဖို့လည်းမဟုတ်ပါဘူး။ ပြန်ကြည့်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များ ပြန်လာတဲ့အခါမှာ မေးကြည့်လိုက်တော့ မြစိမ်းရောင်စီမံကိန်းနဲ့ပတ်သက်လို့ မိမိတို့ကျေးရွာများ၊ မြို့ရွာများကို ရရှိအောင် ကိုယ်စားလှယ်များ ဆောင်ရွက်ပေးပါဆိုပြီး အားကိုးတကြီး ပြောလာတော့ ကိုယ်စားလှယ်များလည်း ပြန်ပြီးတော့ ဖြေနိုင်စရာ အဖြေ မရှိပါဘူး။ သို့သော်ငြားလည်း လွှတ်တော်မှာကိုယ်စားလှယ်ကတော့ အဆိုတင်သွင်းထားပြီ။ ဒါနဲ့ ပတ်သက်လို့ နိုင်ငံတော်အစိုးရကနေပြီး ဆောင်ရွက်ပေးနိုင်ဖို့နဲ့ပတ်သက်လို့ နားထောင်ပါလို့ ဒီလိုပဲ ပြောရပါတယ်။ ပြန်ကြည့်မယ်ဆိုရင်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မြစိမ်းရောင်စီမံကိန်းနဲ့ပတ်သက်လို့ ချထားပေးတဲ့ရန်ပုံငွေဟာ (၃၄.၅) ဘီလီယံပါ။ ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ (၁) ဘီလီယံကို (၁၀) မြို့နယ်လောက်ချပေးမယ်ဆိုလို့ရှိရင် တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်ပေါင်း (၃၃၀) မျှမျှတတရမယ်။ နေပြည်တော် ကောင်စီနယ်မြေလည်းရမယ်။ နောက်တစ်ခုက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွေလည်း ကျွန်တော်တို့ ရမယ်။ မျှမျှတတ ဖြစ်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဆိုတာ မျှမျှတတနဲ့ ဘက်စုံဖြန့်ကျက်ပြီးတော့ စမ်းသပ်မယ်။ စမ်းသပ်မယ်ဆိုလည်း စမ်းသပ်မယ်။ အကောင် အထည် ဖော်မယ်ဆိုလည်း အကောင်အထည်ဖော်မယ်။ လုပ်ငန်းစဉ်ကို ကျွန်တော်တို့ မျှမျှတတ ဆောင်ရွက်ပေးလိုက်မယ်ဆိုလို့ရှိရင် ဒီနေ့ ကျေးလက်နေပြည်သူ(၇၀)ရာခိုင်နှုန်းဟာ အချိုးညီ ကျွန်တော်တို့ တိုးတက်လာမှာ ဖြစ်ပါတယ်။ အခုလက်ရှိ အခြေအနေကတော့ အချိုးမညီဘူးလို့ ကျွန်တော် မြင်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူတွေရွေးချယ်လိုက်တဲ့ ပြည်သူကိုယ်စားလှယ်နဲ့အညီ ပြည်သူတွေရဲ့အကျိုးကို ကျွန်တော်တို့ မျက်ခြေမပြတ် လွှတ်တော်ကြီး ကျင်းပတဲ့အချိန်ကာလမှာရော လွှတ်တော်ကျင်းပပြီးတဲ့အခါမှာရော မိမိတို့ဒေသ ရောက်အောင်သွားရပါတယ်။ မိမိတို့ကိုယ်ကျိုးမပါပါဘူး။ မိမိတို့ တစ်နေ့ခံစားခွင့် ကိုယ်ကျိုးမငဲ့ကွက်ပါဘူး။ ဒါကတော့ နိုင်ငံတော် သတ်မှတ်တဲ့အတိုင်းပါပဲ။ ကျွန်တော်တို့မှာမရှိပါဘူး။ သို့သော်ငြားလည်း ကိုယ်စားလှယ်များဟာ မိမိတို့လစဉ် အပတ်စဉ် ပိတ်တဲ့နေရာမှာ ပြန်တဲ့အခါမှာ တစ်ခါတစ်ရံမှာ ကျွန်တော်တို့ ကားတိုးစီးရတာ စပါယ်ယာတောင် ကြောက်ရတဲ့အဆင့်ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်သူ့အကျိုး ပြည်သူ့ဆီရောက်အောင် ပြန်သွားမယ်။ လွှတ်တော်ကိုရောက်အောင်ပြန်လာမယ်။

ပြည်သူတွေရဲ့ ယနေ့တင်ပြတဲ့ ပြည်သူ့အသံ၊ လွှတ်တော်အသံ။ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒနဲ့အညီ ပြည်သူတွေရဲ့အလုပ်အကျွေးပြုမယ်ဆိုတဲ့ ဒီနေ့ရည်ရွယ်ချက် ဒီနေ့ ဆောင်ရွက် နေတာဖြစ်ပါတယ်။ ကိုယ်ကျိုးစွန့်ပြီး ဒါကြောင့်မို့ ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုဟာ ကျေးလက် ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းနှင့်ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် အလေးအနက်ထား တင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဦးသက်နိုင်ဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အဆိုတင်သွင်းသွားသော ဦးဖိုးဇော် ၏ အဆိုအား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ကျွန်တော် ဦးသက်နိုင်ဦး မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဖိုးဇော် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင် စီမံကိန်း၌ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူမရှိပါ]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဖိုးဇော် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ဦးဖိုးဇော် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။]